


စစ်သား
အိတ်ဆောင်
သာရ
ဒုတိယအကြိမ်
mgyoe.com



mgyoe.com

ISBN 9789997114884
UTD6
9 789997 114884
3,500.00KS

mgyoe.com

စစ်သားအိတ်ဆောင်၊ သာဓု
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၄၅၈ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၅ ဒုတိယအကြိမ်ထုတ်မှု၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# စစ်သားအိတ်ဆောင်

# သာခု

ဒုတိယအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ထမင်းထုပ်ဖူးစာ | ၁ |
| ၂။ | တာဝန် | ၁၁၀ |
| ၃။ | ချစ်တရားခံ | ၂၀၆ |
| ၄။ | မခင်မြူး | ၃၁၆ |


❐

mgyoe.com

mgyoe.com

# ထမင်းထုပ်ဖူးစာ

လွန်ခဲ့သော ၂ ရက် ၃ ရက်ခန့်ကသာဆိုလျှင် ယခုကဲ့သို့ နေချစ်ချစ်တောက် ပူပြင်းလှသည့် နေ့ ၂ ချက်တီးအချိန်၌ မခင်လဲ့သည် အနည်းဆုံး သုံးကြိမ်လောက် ရေချိုးပြီးခဲ့ပြီ ဖြစ်ပေလိမ့်မည်။

ယနေ့သော်ကား… မခင်လဲ့မှာ ရေချိုးဖို့ဝေးစွ အသက်ဘယ်က ထွက်ရမည်ကိုပင် မတွေးဆနိုင်လောက်အောင် ရင်ကလေးဖိုဖို ကြောက်စိတ်တွေ ပိုရင်း တွင်းထဲတွင် ဝပ်နေရရှာသော သူကလေးဖြစ်အင်မှာ မနေ့တစ်နေ့က မြင်ရသော ဘဝနှင့် ကွာချင်တိုင်း ကွာနေတော့၏။

မတောင့်မတ မကြောင့်ကြ မပူပင် မြင်မြင်သမျှ မဝတ်ဖူးသော အထည်မရှိ၊ သိသိသမျှသော အစားအစာမှန်လျှင် မခင်လဲ့ စားဖူးသည်သာချည်းဖြစ်လျက်၊ အထက်တန်းကျကျ ဇိမ်ခံခဲ့ရသော

mgyoe.com

mgyoe.com



မခင်လှဲ့၊ နေထိမခံသော လန်ဒန်သူများ ဝင်စားလေရော့သလား မပြောတတ်၊ နံနက် ၁၀ နာရီသာသာ နေရှိန်ပြင်းလာသည်မှသည် ညနေစောင်းအထိ... "နေကလည်း ပူရန်ကော... အိုက်လိုက်တာ ကလည်း လွန်ပါရော" ဟူသော ကြွေးကြော်သံကလေးများကို နွဲ့နွဲ့နှောင်းပျော့ ခပ်နော့နော့ ကျူးရင့်ပြီး ရေမိုးချိုး သနပ်ခါးရေကျဲ ကလေးပွတ်၍ ပိုးအင်္ကျီပါးပါးကလေး ဝတ်ကာ သီချင်းကလေး တအေးအေးနှင့် ဖိမ်ယူသလေ့ရှိခဲ့သော မခင်လှဲ့။

ယခုသော်... ဟာလာဟင်းလင်း အရိပ်အာဝါသကင်းသော တွင်းကျဉ်းကျဉ်းကလေးထဲဝယ် နေမင်း၏ ပြင်းထန်လှသော အပူဒဏ်ကို ကြိတ်မှိတ်ခံစားနေရရှာ၏။ ထိုတွင်းမှလည်း အရေးရှိက သုံးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကြိုတင်ပြင်ဆင်ထားသည် မဟုတ်ဘဲ ဂျပန်ခေတ်က ဗုံးခိုကျင်းအဖြစ်သုံးခဲ့ပြီး ယခုအခါတွင် အမှိုက်သရိုက်စွန့်ပစ်သော တွင်းအဖြစ်သာ အသုံးပြုခဲ့သောကြောင့် တောင်းစုတ်၊ ပလုံးစုတ်၊ နို့ဆီခွက်တွေပါ ရှုပ်နေသည်ဖြစ်ရာ မခင်လှဲ့တို့အဖို့ ထိုတွင်းထဲ ဝပ်နေရသည်မှာ ခို့လို့ခုလု နိုင်လှသည်သာမက ပုပ်ဟောင်ညှီသိုး... အနံ့ဆိုးများကို ရှူရှိုက်နေရသည်မှာလည်း တစ်ဒုက္ခဖြစ်နေတော့၏။

mgyoe.com

mgyoe.com



လွန်ခဲ့သော ၅ ရက်ခန့်က အကြိမ်ကြိမ်အဖန်ဖန် အကြောင်းပြ ပြောဆိုခဲ့သော မခင်လှဲ့၏ စကားကိုသာ နားထောင်ခဲ့လျှင် မခင်လှဲ့တို့ မိသားတစ်စုမှာ ယခုကဲ့သို့သော ဒုက္ခကို ခံစားနေကြရဖွယ်ရာအကြောင်း လုံးလုံးရှိမည် မဟုတ်ပေ။

"ဖေဖေ အခြေအနေကတော့ သိပ်မဟန်ဘူး ထင်တယ်... ရန်ကုန်ဖြစ်ဖြစ်၊ တစ်နေရာဖြစ်ဖြစ် ပြောင်းရွှေ့နေကြရင်... ကောင်းလိမ့်မယ်... ဖေဖေ..."

မခင်လှဲ့သည် ဤကဲ့သို့ အကြိမ်ပေါင်းများစွာ ပြောဆိုအကြံဉာဏ်ပေးခဲ့သော်လည်း မခင်လှဲ့၏ မိဘနှစ်ပါးသည် မခင်လှဲ့၏ စကားကိုပင် အစိုးရိမ်ကြီးရန်ကော... ဟူသော သဘောထားဖြင့်...

"ဒီလောက်လည်း... မဖြစ်နိုင်ပါဘူး သမီးရယ်... သိပ်လည်း ပူမနေပါနဲ့ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာချည်းကပဲ..."

သူ့ဖခင်ကြီးသည် ဤစကားမျိုးဖြင့်သာ ကာဆီးကာဆီးလုပ်လျက် မခင်လှဲ့အကြံပေးချက်ကို လက်မခံဘဲ နေခဲ့သောကြောင့်... ယခုကဲ့သို့သော အခြေအနေမျိုးသို့ ဆိုက်ရောက်နေကြရသည်သာ ဖြစ်သည်။

ဤသည့်အချက်ကိုတွေးမိတိုင်း မခင်လှဲ့မှာ သူ့မိဘနှစ်ပါး

mgyoe.com

mgyoe.com



အား အတော်ကြီး မကျေမနပ် ဖြစ်နေစေကာမူ လောလောဆယ် အားဖြင့် "ဖေဖေတို့ကြောင့်ဟု အစချီကာ အပြစ်ဖို့နေရန် အချိန် မဟုတ်၊ (အသက်ဖက်နဲ့ ထုပ်ထား) ဆိုသော အဖြစ်မျိုးတွင် ရှိ နေသောကြောင့် တစ်စုံတစ်ရာ ဘာမျှမပြောသာဘဲ ရှိ၏။

ပစ်သံခတ်သံများကား နားကွဲမတတ် ဆူညံနေတော့လျက် ဘယ်ဘက်ကဟူ၍ မသိရ၊ အုန်းခနဲ ဝုန်းခနဲ မြည်ဟီးပေါက်ကွဲ သွားသော စိန်ပြောင်းသံ အမြောက်သံများကို ကြားလိုက်ရတိုင်း... မခင်လှဲ့တို့ မိသားတစ်စုမှာ သူ့ငါဘက် ငါ့သူဘက်နှင့် ရတက်ပွေ နေကြခိုက်၊ တွင်းနှင့် ပေငါးဆယ်ခန့်သာ ကွာဝေးသော မခင်လှဲ့တို့ အိမ်ရှေ့မျက်နှာစာဆီသို့ လက်ပစ်ဗုံးတစ်လုံး ကျရောက် ပေါက်ကွဲ သွားသည်နှင့် တစ်ပြိုင်နက်...

"ကဲ... ဖေဖေ၊ မေမေ ဒီလိုနေလို့တော့ မဖြစ်ဘူး၊ သေနတ်သံ တွေလည်း နီးလာပြီ၊ ဘေးကင်းရာ ပြေးကြမှပဲ။ ကဲ... ပြောနေ ကြာတယ် လာကြ ဖေဖေတို့..."

မခင်လှဲ့သည် ပြောပြောဆိုဆိုပင် ဝပ်နေရာမှ ရုတ်တရက် ဦးခေါင်းထောင်ကြည့်လိုက်ပြီး ဇတ်ခနဲ ထလိုက်ခါ ရှေ့ဆုံးမှ ထွက် လိုက်သောကြောင့် မခင်လှဲ့၏ မိဘနှစ်ပါးမှာလည်း ဘာဘယ်လို

mgyoe.com

mgyoe.com



လုပ်မည်ဟု အစီအစဉ်မရှိဘဲ သမီးထပြေးရာသို့ ရောယောင် လိုက်သွားမိကြ၏။ မခင်လှသည် မိခင်ကြီးကို လက်တစ်ဖက်နှင့် တွဲ၍ တခြားလက်တစ်ဖက်ဖြင့် ဖခင်ကြီးကိုဆွဲကာ ဈေးဘက် ဆီသို့ ခပ်သုတ်သုတ်ကလေး လျှောက်လျက်ရှိ၏။

"ဟော့... ရပ်လိုက်..."

သုံးဦးစလုံး၏ မျက်နှာများမှာ ချောက်ချားတုန်လှုပ် သွေး သားတွေပါ ဆုတ်သွားသည်ဟု ထင်လိုက်ရ၏။ ဘာလုပ်၍ ဘာ ကိုင်ရမည်မသိ၊ ယောင်ချာချာရှိနေရာမှ အသံလာရာဆီသို့ ကြည့် လိုက်သည်တွင် အစိမ်းလိုက် ဝါးစားတော့မည့်နှယ် ကြောက်မက် ဖွယ်ရာ ကြည့်ရင်း... မိမိတို့ရှိရာသို့ လာနေကြသော လက်နက် မျိုးစုံကိုင် သောင်းကျန်းသူ လူတစ်စုအား တွေ့ရသဖြင့် မခင်လှ တို့မှာ အားကိုးရာမဲ့စွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့် ရုံမှအပ အခြားဘာမျှ မတတ်နိုင်တော့ဘဲ၊ ကိုယ်စီကိုယ်င ဦးခေါင်း တွေ ငိုက်ကျသွား၏။

သောင်းကျန်းသူများမှာ စုစုပေါင်း ၁၀ ယောက်နှင့် ၁၅ ယောက်ကြားတွင် ရှိမည်ဟု ခန့်မှန်းရလျက် မခင်လှတို့အား ပတ်ပတ်လည် ဝိုင်းမိသည်နှင့် ဗိုလ်လုပ်သူသည် ၎င်း၏ ငယ်သား

mgyoe.com

mgyoe.com



များအား တစ်စုံတစ်ရာသော အမိန့်ပေးလိုက်သည်၌ သောင်းကျန်းသူ အချို့သည် အဘိုးကြီးနှင့် အဘွားကြီးအား ရုတ်တရက် လက်ပြန်ကြိုးတုပ်လိုက်၏။ ချက်ချင်းဆိုသလိုပင် ဗိုလ်လုပ်သူလည်း မခင်လှဲ့၏ လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး အနီးရှိ အိမ်တစ်အိမ်ဆီသို့ ဆွဲခေါ်သွားသဖြင့် အဘွားကြီးမှာ "အို...သမီးရယ်" ဟူသော စကားတစ်လုံးမျှသာ အော်နိုင်တော့လျက် ပုံရက်သား လဲကျ သတိလစ်သွားရှာတော့၏။

ထိုသို့ အဖြစ်အပျက်ကို မြင်တွေ့နေရသော အဘိုးကြီးမှာမူကား... ယောကျ်ားဖြစ်သည့် အလျောက် (တောက်) တစ်ချက်ခေါက်လိုက်ရင်း ရန်သူ့လက်တွင်းမှ ရန်းကန်တွန်းထိုး အမျိုးမျိုးသောနည်းဖြင့် သမီးကိုကယ်မည်ဟု ကြိုးစားလိုက်စေကာမူ နောက်ဆုံး၌ကား သောင်းကျန်းသူတစ်ဦး၏ သေနတ်ဒင် လက်ချက်ကြောင့် အရုပ်ကြိုးပြတ်သလို မတ်ရပ်မှ လဲကျသွား၏။

ဖယ်ရင်းရုန်းရင်း ဝရန်းသုံးကား ပါသွားရရှာသော မခင်လှဲ့သည် ဖခင်ကြီးအား ဤသို့ရက်စက်ကြမ်းကြုတ်စွာ ပြုမူလိုက်သည်၏အဖြစ်ကို ရင်နင့်အောင် တွေ့လိုက်ရသည်၌ စောစောက အလိုမတူ၍ ရုန်းနေသော "အား" တွင် ယခု ထောင်းခနဲ ထသွားသော

mgyoe.com

mgyoe.com



ဒေါသ"အား" က စစ်ကူဖြည့်သလို ပူးပေါင်းမိ၍လားမသိ၊ ယခု တစ်ကြိမ် ရုန်းလိုက်သောအားမှာ ယောကျ်ားတစ်ယောက်ဖြစ်သော ဗိုလ်လုပ်သူကပင် ယိမ်းထိုးသွားအောင် စွမ်းဆောင်နိုင်ကာ... မခင်လဲ့လည်း ထိုသူ့လက်မှ လွတ်ထွက်လာပြီး ပျော့ပျော့ခွေခွေ သေမလို လဲနေကြသော မိဘနှစ်ပါးရှိရာသို့ အူယားဖားယား ပြေးခဲ့၏။

ဗိုလ်လုပ်သူလည်း မခင်လဲ့နောက်မှ ခပ်ကြမ်းကြမ်း ပြေးလိုက်လာကာ မခင်လဲ့ကို မီလာသည်နှင့် ဆံပင်ကို ဆွဲဖမ်းပြီး ခပ်ရမ်းရမ်းပင် ဆွဲခေါ်သွားပြန်၏။ ဤတစ်ကြိမ်၌ မခင်လဲ့ခမျာမှာ မည်သို့မျှ မတတ်နိုင်ရှာတော့ဘဲ ဗိုလ်လုပ်သူ ဆွဲခေါ်ရာသို့ မဆုတ်သာ မနစ်သာနှင့် ကြေကွဲဖွယ်ရာ ပါသွားရရှာတော့၏။

"ဒိုင်း... ဝုန်း... ထိန်း... ရှိ..."

ဤမည်သော အသံများသည် လျှပ်ပြက်သလို ရုတ်တရက် ပေါ်ထွက်လာလျက် ချက်ချင်းဆိုသလိုပင် သောင်းကျန်းသူ သုံးယောက်မှာလည်း ဗုန်းဗုန်းလဲ၍ သေပွဲဝင်ကုန်ကြတော့၏။ ဗိုလ်လုပ်သူလည်း ဤတွင်မှ မခင်လဲ့ကို လွှတ်လိုက်ကာ... ကျန်နေသေးသော... သောင်းကျန်းသူများကို အမိန့်ပေး အကာအကွယ်ယူရင်း ခုခံတိုက်ခိုက်နေကြ၏။

mgyoe.com

mgyoe.com



ထိုအချက်ကို အကွက်ကောင်းယူ၍ မခင်လှဲသည် သောင်းကျန်းသူများအနီးမှ တဖြည်းဖြည်း ဆုတ်ခွာခဲ့၏။ လေးဘက်ထောက်၍ သွားလိုက် ထပြေးလိုက်နှင့် ခဲခဲယဉ်းယဉ်း ပုန်းရှောင်ပြေးလွှားခဲ့သော မခင်လှဲသည် ကုက္ကိုပင်ကြီး တစ်ပင်အောက်သို့ရောက်သည်နှင့် ထူးခြားဆန်းကျယ်သော အချင်းအရာတစ်ခုခုကို မြင်လိုက်ရသကဲ့သို့ ကြက်သေသေကာ တွေတွေကြီး ဖြစ်သွား၏။

ကတ္တရာစေးပုံးကြီးများကို အကာအကွယ်ပြု၍ လိုမ့်ရင်းရှေ့သို့ တဖြည်းဖြည်း ချီတက်နေသော ရဲဘော်များ၏ လိမ္မာပါးနပ်သော စစ်ဆင်နည်းနှင့်တကွ ၎င်းတို့၏ ပင်ပန်းမှုကို ရင်ထုမနာသနားစိတ်တွေ ဖြာရင်း ကိုယ့်ကိုယ်ကိုယ်ပင် ကာကွယ်ရမှန်းမသိကြောင်တောင်ကြီး ကြည့်နေမိသော မခင်လှဲသည်...

"ဟော့... ကလေးမ... ဝပ်နေ... ဝပ်နေ..."

ဟူသော အသံတစ်ခုကို ကြားလိုက်ရမှပင် မခင်လှဲသည် ငိုင်နေရာမှ ရုတ်တရက် ထိုင်ချလိုက်၏။ မျက်စိရှေ့၌ ဘာတွေဖြစ်နေ၍ မိမိကိုယ်တိုင် ဘယ်နေရာရောက်နေသည်ကိုပင် တွေးမရသလို ယောင်ချာချာဖြစ်နေသော မခင်လှဲမှာ ယခုမှပင် သတိကလေး ဝင်လာ၏။ "ဖေဖေနဲ့ မေမေ" ဟုလည်း တမ်းတမိရင်း

mgyoe.com

mgyoe.com



တောင်မြောက်လေးပါးသို့ အူယားဖားယား ကြည့်လိုက်၏။ ကိုက် ၅၀ ခန့် အကွာတွင် ပက်လက်မှောက်ခုံ အဖြစ်မျိုးစုံနေသော မိဘ နှစ်ပါးကို မြင်လိုက်ရသဖြင့် ရင်ထဲတွင် နင့်ခနဲ နင့်သွားရှာ၏။

ကတ္တရာစေးပုံးကြီးများကို တပင်တပန်းရှေ့သို့ လိမ့်ရင်း ဖွဲ တင်းတင်းနှင့် ချီတက်ပစ်ခတ်နေသော ရဲဘော်များဆီသို့ မခင်လှဲ့ သည် စူးစိုက်ကြည့်ရှုနေပြန်၏။ ထိုအခိုက် မခင်လှဲ့နှင့် ပေ ၃၀ ခန့်သို့ ရောက်လာသော ရဲဘော်သုံးယောက်အနက်မှ တစ်ယောက် သည် ခါးမှ လက်ပစ်ဗုံးကို ဖြုတ်၍ ရုတ်တရက် လှမ်းပစ်လိုက် သည့် အခိုက်တွင် သောင်းကျန်းသူများဘက်မှ ပစ်ခတ်လိုက်သော ကျည်ဆန်တစ်ခုသည် ထိုရဲဘော်၏ မျက်နှာကို ထိမှန်သွားသော ကြောင့် ထိတ်လန့်ဖွယ်ရာ သွားများပင် ပြုတ်ထွက်လျက် ပက်လက်လန်ကျသွားသည်နှင့်...

"အို... ရဲဘော်ရယ်..."

အူအသည်း ကလီစာကြားမှ လှိုက်လှိုက်လှဲလှဲ ကြေကွဲစွာ ပေါ်ထွက်လာသော အသံတစ်ခုသာ ပြုနိုင်တော့လျက် မခင်လှဲ့မှာ လည်း သစ်ပင်ရင်းဝယ် စင်းစင်းကလေး ပြိုလဲသွားရှာတော့၏။

* * *

mgyoe.com

mgyoe.com



"ကလေးမ... ကလေးမ... မျက်လုံးဖွင့်ကြည့်စမ်း..."

"မခင်လှဲ... သမီးရယ်... မခင်လှဲလေး..."

ထိုအသံများသည် ၃ မိနစ်လျှင် တစ်ကြိမ် မှန်မှန်ကြီး ပေါ်ထွက်လာသော်လည်း အခေါ်ခံရသူ ကာယကံရှင်ကား ထူးဖို့ ဝေးစွ လှုးလွန့်မည့် အမူအရာကလေးသော်မှ မပြလေသောကြောင့် ဝိုင်းဝန်းပြုစုနေကြသူတို့မှာလည်း စိတ်မောလူမော ဖြစ်နေခဲ့ကြ သည်မှာ နာရီဝက်နီးပါးမျှ ကြာခဲ့ပြီ။

အတော်ကလေးကြာမှ မခင်လှဲသည် ခပ်ပြင်းပြင်းကလေး အသက်ရှူလိုက်၏။ စစ်သူနာပြုနှင့်တကွ အားလုံးပင် ပျာပျာ သလဲ ဝိုင်းဝန်းခေါ်ငင်လိုက်သောကြောင့် မခင်လှဲသည် တဖြည်း ဖြည်း လှုပ်ရှားလာရာမှ မှေးထားသော မျက်လုံးကို လေးလေးကြီး ဖွင့်ကြည့်လိုက်၏။

"ဖေဖေ... မေမေ..."

"ရှိတယ်လေသမီး... မေမေတို့ အားလုံး အနားမှာရှိတယ်... သမီး သတိရပြီနော်..."

"ဟုတ်ကဲ့... သမီး သတိရပါတယ်... ဖေဖေ... မသေဘူး နော်... ခေါင်းက ဒဏ်ရာ..."

mgyoe.com

mgyoe.com



"သိပ်မများပါဘူး သမီးရယ်... နည်းနည်းပေါက်သွားတာပါ... ဒီက ရဲဘော်တွေ ဆေးထည့်ပေးလို့ သက်သာသွားပါပြီ..."

မခင်လှဲ့သည် ရုတ်တရက် ထထိုင်လိုက်ပြီး... ဦးခေါင်းတွင် ပတ်တီးစည်းထားသော ဖခင်ကြီးအားလည်းကောင်း၊ အနီးရှိ ရဲဘော်များအား လည်းကောင်း တစ်လှည့်စီကြည့်ရင်း... ရင်တွင်းက မည်သို့ဖြစ်လာသည်ဟု အကဲခတ်မရ... မျက်ရည်သာ တွေတွေကျလျက် ရှိတော့၏။ ချက်ချင်းဆိုသလိုပင် မခင်လှဲ့သည် အင်္ကျီလက်စကလေးဖြင့် မျက်ရည်ကို သုတ်ကာ... ရုတ်တရက် ထရပ်လိုက်ပြန်၏။ အနီးရှိ ရဲဘော်များကိုလည်း ရိုသေလေးစားသော အမူအရာဖြင့် အတော်ကြာအောင် ကြည့်နေပြီးမှ... စစ်ဗိုလ်ဟု ထင်ရသော ရဲဘော်တစ်ဦးဆီသို့ မျက်နှာမူလျက်...

"ကျေးဇူးတင်တယ် ဗိုလ်ကြီး... နည်းနည်းကလေး မဟုတ်ဘူး... ကျေးဇူးသိတတ်တဲ့ လူတစ်ယောက်အနေနဲ့ဆိုရင်... ကျွန်မအသက်နဲ့ခန္ဓာ တည်မြဲသမျှ ကာလပတ်လုံး... ဗိုလ်ကြီးတို့ရဲ့ ကျေးဇူးဟာ အမြဲတမ်း ထိပ်ဆုံးက ရှိနေလိမ့်မယ်ဆိုတာ ရဲရဲကြီး ကတိပေးပါတယ်... တကယ်လို့... ဗိုလ်ကြီးတို့သာ နာရီဝက်လောက် နောက်ကျနေခဲ့ရင် တစ်နည်းအားဖြင့်... ဗိုလ်ကြီးတို့သာ

mgyoe.com

mgyoe.com



ခုလို ရှုပ်ရှုပ်ချွံချွံ သက်စွန့်ကြိုးပမ်း မတိုက်ခိုက်ဘဲ... ရေသာခို သလို လုပ်နေခဲ့ရင်... ကျွန်မတို့ ဘဝဟာ... တွေးမကြည့်ဝံ့လောက် အောင် အခြေအနေဆိုးဝါးသွားမှာ အမှန်ပါပဲ..."

ပြေပြေပြစ်ပြစ်နှင့် အထစ်အငေါ့မရှိ တိကျပြတ်သားစွာ ထွက်ပေါ်လာသော မခင်လှ၏ စကားများမှာ ထူးထူးခြားခြား ဆန်းပြားလှသည် မဟုတ်စေကာမူ ချော၍လှပြီး... လှသလောက် ကျက်သရေရှိသော ပြည့်ဖြိုးအချိုးကျသည့် ကိုယ်လုံးကလေးပိုင်ရှင် တစ်ဦး၏ နှုတ်ဖျားမှ ထွက်လာသောစကားများ ဖြစ်သောကြောင့်၊ ရဲဘော်များမှာ လေးလေးစားစား နားစွင့်လျက်ရှိ၏။

သီချင်းသွားချင်း... သီချင်းသားချင်း တူသည်ထားဘိဦး...၊ လူရွှင်တော်စံပ သီချင်းဆိုသည်ထက်၊ ဇာတ်လိုက်မင်းသား ခင်မောင်ရင် သီဆိုသည်က ပို၍ သာယာသလိုလို ရှိတတ်သကဲ့သို့ လည်းကောင်း၊ ရွှေချည်ထိုး ဇင်းမယ်လုံချည်ချင်း တူသည်ထား ဘိဦး၊ အသားမည်းမည်းနှင့် အရုပ်ဆိုးဆိုး မိန်းမပျိုတစ်ယောက် ဝတ်ထားသည်ထက်၊ ဖြူ၍လှသော မိန်းမပျိုတစ်ယောက် ဝတ်ထား သည်က ပို၍ကြည့်ကောင်းသကဲ့သို့လည်းကောင်း၊ စကားချင်း တူသည် ထားဘိဦး... သာမန်ရုပ်ရည်ဖြင့် ညစ်ပေပေ မိန်းကလေး

mgyoe.com

mgyoe.com



က ပြောသည်ထက် ဖြူဝင်းစိုပြည် ကိုယ်နေချိုးကျ... လှချင်တိုင်း လှနေသည့် မခင်လှဲ့တည်းဟူသော မိန်းမချောကလေးက ပြောနေသည်ဖြစ်ရာ စကြုပြသာဒတွင် အလှကိုသာ မက်မောခင်တွယ်တတ်ကြသည့် ပုထုဇဉ်မျှသာဖြစ်သော ရဲဘော်များသည် အဘယ်မှာလျှင်... နားမစွင့်ဘဲ နေနိုင်ပါတော့အံ့နည်း...။

သို့သော် ၎င်းရဲဘော်များအနက်မှ တစ်ယောက်သော ရဲဘော်သည် နားသာစွင့်နေ၏။ မခင်လှဲ့၏ ရူပါရုံနှင့် ပတ်သက်၍ တုန်လှုပ်ခြင်းမရှိ ပကတိတည်ငြိမ်သော ဣန္ဒြေဖြင့် မင်သေသေ အကဲခတ်လျက်ရှိ၏။ သူ့အမူအရာမှာ လှပပြေပြစ်ချစ်စရာ ကောင်းသော မိန်းမပျိုတစ်ယောက်ကို ကြည့်နေရသကဲ့သို့သော... လက္ခဏာမျိုးမပြ၊ သာမန်သူလိုငါလို လူတစ်ယောက်ကို ကြည့်ရှု အကဲခတ်နေသည့် အသွင်မျိုးဆောင်နေသည်ဖြစ်ရာ (မ) နှင့် ပတ်သက်၍ ချောက်ချားခြင်း ကင်းမဲ့သူ၊ စိတ်ဓာတ်တည်ကြည် ခိုင်မြဲသူ တစ်ယောက်အဖြစ်ဖြင့်... လေးစားချီးကျူးထိုက်သူတစ်ယောက်ပင်... ဖြစ်တော့၏။

"ဗိုလ်ကြီးတို့ ရဲဘော်တစ်စုဟာ... သောင်းကျန်းသူတွေ လက်ထဲမှာ မဟားတရား ဖြစ်နေတဲ့ ကျွန်မတို့ရဲ့အဖြစ်ကို မရှုစိမ့်

mgyoe.com

mgyoe.com



နိုင်ဖြစ်ပြီး... ခုလို ကယ်ဆယ်လိုက်တဲ့ကိစ္စကို ပေါ့ပေါ့ဆဆပဲ ကျေးဇူးတင်ပါတယ်ဆိုရုံနဲ့ မပြီးသင့်ဘူးလို့ ကျွန်မ နားလည်ပါတယ်။ ကျွန်မ မျက်စိရှေ့တွင်ပဲ ရဲဘော်တစ်ယောက်ဟာ... မရှုမလှ ကျဆုံးသွားရတာကို မြင်လိုက်ရပါသေးတယ်... အဲသလို ကျွန်မတို့ အသက်ရှင်မှုအတွက်... တစ်ဖက်က အသေခံပြီး ကယ်ရတယ်ဆိုတော့..."

မခင်လှဲ့သည်... တကယ့်လှိုက်လှဲဝမ်းနည်းသော အသံသို့ ပြောင်းသွားကာ ရုတ်တရက် စကားကိုပင် မဆက်နိုင်တော့ဘဲ... သူ့နှုတ်ခမ်း ရဲရဲလေးမှာလည်း တရှုရှုလှုပ်ကာ... မျက်ရည်သာ ဖြာ၍ကျလာ၏။

"အဲသည်တော့ ဒီထက်ကြီးမားတဲ့ ကျေးဇူးဘယ်မှာ ရှိနိုင်ပါတော့မလဲ ဗိုလ်ကြီးရယ်... အစတုန်းက ကျွန်မထင်ခဲ့တယ်... စစ်သားဆိုတာ သူလို ငါလို အစိုးရ အမှုထမ်းပဲလို့ ခုလို ကိုယ်တွေ့ကြုံရတော့မှ စစ်သားတွေရဲ့ တကယ့်ဘဝကို ကျွန်မ သိရတော့တယ်။ မတူဘူး... မတူဘူး... စစ်သားဆိုတာ ဘယ်လိုအမှုထမ်းမျိုးနဲ့မှမတူဘူး... နှိုင်းယှဉ်လို့လည်း မရဘူး..."

"ကဲ မခင်လှဲ့... တိုတိုနဲ့ လိုရင်းကိုသာ ပြော... ဒီမှာ ကြာကြာ

mgyoe.com

mgyoe.com



နေလို့ မဖြစ်ဘူး...”

စစ်ဗိုလ်သည် မခင်လှဲ့ စကားမဆုံးမီ ဤသို့ ဝင်ပြောလိုက်သောကြောင့် မခင်လှဲ့သည် ထိုစစ်ဗိုလ်အား ရုတ်တရက် ငေးကြည့်ရင်း စကားရပ်သွား၏။ စစ်ဗိုလ်သည် လက်ကို တင်းတင်းပိုက်၍ ခေါင်းငိုက်စိုက်ချကာ ကြမ်းပြင်ကိုကြည့်နေရင်း မခင်လှဲ့ထံမှ ထွက်လာအံ့သော စကားကို နားစွင့်နေ၏။

“ဟုတ်ကဲ့... ခပ်တိုတိုပြောရမယ်ဆိုရင်... ခု... ကျွန်မတို့ရဲ့ အသက်နဲ့ အရှက်ကို ကာကွယ်ကယ်တင်ပေးတဲ့ ဗိုလ်ကြီးတို့ရဲဘော်တစ်စုကို ကျွန်မ ကျေးဇူးဆပ်ပါရစေ...”

စစ်ဗိုလ်သည် ထိုစကားကြားလိုက်ရသည်နှင့် မခင်လှဲ့အား ဖျတ်ခနဲ မော်ကြည့်သည့်ခါ တည်ခန့်သော အမူအရာဖြင့်...

“ငွေနဲ့ ပစ္စည်းဆိုရင် ကျုပ်တို့ ဘာမှ လက်မခံဘူး...”

ပြေပြေပြစ်ပြစ်မရှိ တုံးတိတိနိုင်လှသော စစ်ဗိုလ်၏ ပြောပုံကို သဘောမကျသလို မျက်နှာကလေး အိုသွားရာမှ...

“ဒါကို ကျွန်မ နားလည်ပါတယ် ဗိုလ်ကြီး... ဒါပေမဲ့ ကျွန်မ ကျေးဇူးတော့ ဆပ်ရမှဖြစ်မယ်... အဲဒီတော့ ခု ရှိကြတဲ့ ရဲဘော်တွေထဲက လူပျိုတွေရွေးထုတ်ပြီး မဲချပါ... အောင်ဘာလေရတဲ့ ရဲဘော်

mgyoe.com

mgyoe.com



ကို ကျွန်မ ကြည်ကြည်ဖြူဖြူလက်ထပ်ယူပါ့မယ်... အမျိုးနဲ့တိုင်းပြည်အတွက် အသက်ပေးပြီး တိုက်ခိုက်နေတဲ့ ရဲဘော်တွေ ဖြစ်လို့ အဲဒီနည်းနဲ့ ကျွန်မ ကျေးဇူးဆပ်ပါရစေ... ဂုဏ်ပြုပါရစေ..."

ထိုအသံနှင့် ထိုစကားကို ထူးထူးခြားခြား ကြားလိုက်ရသော ရဲဘော်များကား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အတော်ကလေး လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေ၏။ စစ်ဗိုလ်မှာမူ တစ်စုံတစ်ရာ ပြောင်းလဲသွားခြင်းမရှိဘဲ မူလ ဣန္ဒြေအတိုင်းပင် မူသေသေ ကြည့်နေရာမှ...

"အင်း... တော်ရုံတန်ရုံ ကျေးဇူးတင်ကာမျှနဲ့ ဒီစကားမျိုး ထွက်မလာနိုင်ဘူးဆိုတာတော့ ကျုပ် အသိအမှတ်ပြုပါတယ်... ခု မခင်လှဲ့ပြောတဲ့အတိုင်းဆိုရင်... လူပျိုတွေ ရွေးထုတ်ပြီး မဲချတဲ့ အလုပ်တောင် လုပ်နေဖို့မလိုဘူး... အခုရှိနေတဲ့ ရဲဘော်ရှစ်ယောက်ထဲမှာ ကျုပ်တစ်ယောက်ပဲ လူပျို၊ ကျန်တာတွေကတော့ သားနဲ့မယားနဲ့ လူတွေချည်းပဲ... အဲသည်တော့... မခင်လှဲ့ရဲ့ ကျေးဇူးဆပ်မှုဟာ ကျုပ်တစ်ယောက်တည်းသာ ဆိုင်နေတယ်... ဒါပေမဲ့... ဒီလိုကျေးဇူးဆပ်ပုံမျိုးကို ဘယ်နည်းနဲ့မှ ကျုပ် လက်မခံနိုင်ဘူး..."

mgyoe.com

mgyoe.com


ထိုစကားသည် ကြားရသူအပေါင်းအား စောစောကထက်ပင် တုန်လှုပ်ချောက်ချားအံ့အားသင့်သွားစေတော့၏။ မခင်လှဲ့မှာလည်း မိမိကမ်းလိုက်သော လက်ကို ဆွဲငင်နှုတ်ဆက်ရက်ရက်ရောရော ဖြစ်သွားလိမ့်မည်လားဟု တင်စားယုံကြည်ခဲ့သော်လည်း ဆွဲငင်နှုတ်ဆက်သမှု မပြုရုံသာမက ပုတ်၍ပင် ချလိုက်သကဲ့သို့သော စစ်ဗိုလ်၏ စကားကြောင့် ရှက်အားကလေး ပိုသွားရှာ၏။

"ဗိုလ်ကြီးနှယ်ကွာ... ဒီလောက်နိုပ်တဲ့ မြာကို သူကပဲ အမူပိုနေသေးတော့တယ်..."

"ဒါကြောင့်မို့လည်း... ဒို့တစ်တွေက သူ့ကို ဗိုလ်တေမိလို့ခေါ်တာမဟုတ်လား၊ မိန်းမနဲ့ ပတ်သက်လာရင် မရဘူးကွ..."

ရဲဘော်များကား အချင်းချင်း တီးတိုးပြောနေကြရင်း ဗိုလ်တေမိအား "အတော်ရှော်တဲ့လူ"ဟူသော အကြည့်မျိုးဖြင့် ကြည့်နေကြ၏။ ဗိုလ်တေမိလည်း စဉ်းစားသလို တွေနေပြီးမှ...

"ဦးတို့၊ ဒေါ်ဒေါ်တို့လို အပြစ်ကင်းမဲ့သူကို မဆိုထားနဲ့၊ သေလုမြောပါး ဒဏ်ရာရထားတဲ့ ရန်သူကို တွေ့ရတောင် ဆေးရုံကို အမြန်ဆုံးပို့ပြီး မသေအောင် ဆေးကုရပါသေးတယ်။ ဒီထက်ရှင်းအောင် ပြောရမယ်ဆိုရင် ခုလို မခင်လှဲ့တို့ကို ကယ်ဆယ်လိုက်

mgyoe.com

mgyoe.com



တာဟာလည်း ဝတ္တရားတစ်ခုကို ကျေပွန်အောင် ထမ်းဆောင် လိုက်ခြင်းသာ ဖြစ်ပါတယ်။ အဲသလို လူထုအတွက် အသက်နဲ့ လဲပြီး ကာကွယ်ပေးလိုက်တဲ့အတွက် ရသင့်ရထိုက်တဲ့ ဂုဏ်ပြုချက် ကတော့ [တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သူ ဗမာ့သားကောင်း ရတနာ] ရယ်လို့ အသိအမှတ်ပြုပါတယ်ဆိုတဲ့ ချီးကျူးသံကြားရ ရင်ပဲ ကျေနပ်လှပါပြီ။ ကျေးဇူးတော့တင်ပါ၏။ အဲဒီတင်တဲ့ ကျေးဇူး နောက်က ငွေတို့ ပစ္စည်းတို့ကိုတော့ တာဝန်သိတဲ့ စစ်သားမှန်ရင် ဘယ်စစ်သားမှ လက်မခံဘူးဆိုတာ သိစေချင်ပါတယ်... ခု မခင်လှဲ့ကတော့ ကျေးဇူးတင်ဂုဏ်ပြုတဲ့အနေနဲ့ သူ့ကိုယ်ကိုတောင် ပုံအပ်မယ်လို့ ပြောလိုက်တာဟာ တော်တော့ကို ရက်ရက်ရောရော ရှိနေတဲ့အတွက် မခင်လှဲ့ရဲ့ စေတနာ စိတ်ဓာတ်ကိုတော့ ကျုပ် အလေးပြုပါတယ်... ဒါပေမဲ့ စောစောက မခင်လှဲ့ပြောတဲ့ ကျေးဇူး နည်း... [မှု] ကိုတော့ ပြန်ပြီး ရုပ်သိမ်းစေချင်တယ်... ဒါပါပဲ..."

မိုလ်တေမိဆိုသည့်အတိုင်းပင် မပြုံးမရယ် တေမိထုံး နှလုံးမူ ၍ ဤသို့ ပြောလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ရဲဘော်များဘက် လှည့်လိုက်ကာ...

"ကဲ... ရဲဘော် သုံးယောက်လာ... ဦးတို့ ဒေါ်ဒေါ်တို့ကို

mgyoe.com

mgyoe.com



ဒုက္ခသည်များ စခန်းကိုခေါ်သွား၊ ဦးတို့ကလည်း အဲဒီကမှတစ်ဆင့် သွားလိုရာကို သွားကြပေါ့ခင်ဗျာ… ကျွန်တော်တို့ကိုလည်း မှတ်ထားပါ။ နာမည်ရင်းကတော့… ဗိုလ်စာဂတဲ့၊ ဒါပေမဲ့လည်း ကျွန်တော့်ရဲဘော်တွေက ဗိုလ်တေမိလို့ ခေါ်ကြတာနဲ့ ခုတော့… ဗိုလ်တေမိပဲ နာမည်တွင်နေပါတယ်။ ကဲ… အားလုံးပဲ ခွင့်ပြုကြပါဦးနော်။ ကျွန်တော့်မှာ ကိစ္စတွေရှိနေသေးလို့…”

ဗိုလ်တေမိသည် ပြောပြောဆိုဆို ဆင်းလာခဲ့ပြီး သစ်ပင်အောက်ရှိ စားပွဲတစ်လုံးပေါ်တွင် တင်ထားသော ရဲဘော်တစ်ယောက်၏ အလောင်းရှိရာသို့ လျှောက်လာပြီး အနီးရှိ ရဲဘော်များအား တစ်စုံတစ်ရာ ပြောဆို တိုင်ပင်လျက်ရှိ၏။

* * *

ဗိုလ်တေမိမှာ ကိုယ်ကျင့်တရား ကောင်းမွန်မြင့်မြတ် ရိုးသားဖြောင့်မတ်သူ တစ်ယောက်ဖြစ်သည်သာမက ရဲစွမ်းသတ္တိရှိမှုနှင့် စစ်ဆင်ရေး လိမ္မာမှုတွင်လည်း အထူးနာမည်ရသူတစ်ယောက်ဖြစ်သည့်အတိုင်း ဗိုလ်တေမိ ချီတက်တိုက်ခိုက်သော စစ်မျက်နှာတိုင်းလိုလိုတွင် အမြဲအောင်မြင်လျက်ရှိသည်ဖြစ်သောကြောင့် ဗိုလ်

mgyoe.com

mgyoe.com



တေမိ၏ သတင်းမှာ တစ်မုဟုတ်ချင်း ကျော်ကြားပျံ့နှံ့သွား၏။ သတင်းစာအသီးသီးကလည်း ရောမ စာလုံးမည်းမည်းကြီးများဖြင့် ဗိုလ်တေမိ၏ သတင်းများကို အထူးအသားပေး ရေးသားလျက်ရှိသည်မှာ နေ့စဉ်လိုလိုပင် ဖြစ်တော့၏။

ရန်ကုန်မြို့ အရှေ့ပိုင်း လမ်း ၅၀ အတွင်းရှိ တစ်ခုသော နှစ်ထပ်တိုက်၏ လက်ယာဘက် အခန်းတွင် မိန်းမပျိုတစ်ဦးသည် သတင်းစာတစ်စောင်၏ ထောင့်တစ်နေရာကို စိတ်ဝင်စားစွာနှင့် ကြည့်ရှုနေစဉ် နောက်ဖေးခန်းဘက်မှ အခြားမိန်းမပျိုတစ်ဦး ထွက်လာသဖြင့်...

"ဒီမှာ လာကြည့်စမ်း... မနုတင်... ကျွန်မတို့ကို ကယ်လိုက်တဲ့ ဗိုလ်တေမိဆိုတာလေ... သူပေါ့... ဟု သတင်းစာကို ထိုးပေးရင်း... ပြောလိုက်သောကြောင့် မနုတင်သည် ထိုင်နေသူ မိန်းမပျိုအနီးသို့ လျှောက်သွားပြီး သတင်းစာကို ဆွဲယူကြည့်ရှုလိုက်ကာ...

"အံမယ်... မခင်လှဲ့လူက... လူချောပဲနော်။ ဒါတောင် စစ်ယူနီဖောင်းဝတ်ထားလို့၊ အရပ်ဝတ်အရပ်စားနဲ့ သားသားနားနား ဆင်လိုက်ရရင် ဘာပြောကောင်းမလဲ..."

"တော်ပါတော့... မနုတင်... ကျွန်မလူလည်း မဟုတ်သေး

mgyoe.com

mgyoe.com



ပါဘူး..."

ဤသို့ ဟန့်သလို တားသလို ပြောလိုက်သော မခင်လှဲ့၏ မျက်နှာကလေးမှာ အဘယ်ကြောင့်ဟူ၍ မသိ၊ ဝမ်းနည်းအားငယ် သွားသလို ဖြစ်နေသောကြောင့် မနုတင်လည်း ထိုစကားကိုဖြတ်၍ ရောနှော ဝင်ထိုင်လိုက်ပြီးမှ...

"ခုတော့ မဟုတ်သေးဘူးပေါ့... တစ်နေ့ ရှင့်လူ ဖြစ်ချင် ဖြစ်လာမှာ... ဘယ်သူအတပ်ပြောနိုင်သလဲ..."

"ဝေးပါသေးတယ် မနုတင်... သူ့ကိုမျှော်လင့်နေတာဟာ ရုပ်ကြွယ်ကို တောင့်တနေသလိုရှိမှာပဲ... လူက လူတစ်မျိုးပါရှင်... ဣန္ဒြေကြီး တစ်ခွဲသားနဲ့... ဗိုလ်တေမိဆိုတဲ့ နာမည်နဲ့ လိုက်လည်း လိုက်ပါတယ်... အရင်ကျွန်မပြောဖူးသလိုပေါ့။ ကျွန်မလို မိန်းမ တစ်ယောက်က လက်ထပ်ယူပါ့မယ်ဆိုတာတောင် "တရားဥပဒေ နဲ့ မညီညွတ်ဘူး" လို့ အမိန့်ချပြီး ပယ်လိုက်တဲ့ ရုံးမင်းမျက်နှာ ပေါက်မျိုးနဲ့ ငြင်းလိုက်သလေ... ကောင်းသေးလား... အဲဒီတုန်းက ကျွန်မဖြင့် ရှက်ရှက်နဲ့... လဲတောင်သေလိုက်ချင်တယ် အဟုတ် ပဲ..."

မခင်လှဲ့သည် သူ့ခံတွင်းတွေ့သော စကားမျိုးကို ပြောနေရ

mgyoe.com

mgyoe.com



သောကြောင့်လားမသိ၊ မြိန်မြိန်ရှက်ရှက်နှင့် အတော်ကလေး အာသွက်လျက်ရှိ၏။

"အင်း... အင်း... ရှက်ရှက်နဲ့ လဲသေလိုက်ချင်လောက်အောင် လုပ်လိုက်တဲ့ အဲဒီဗိုလ်တေမိကိုပဲ မခင်လှဲ့ စွဲနေတယ်မဟုတ်လား၊ မျှော်လင့်ချက်မရှိပေလို့သာ ရှိများရှိရင်..."

"အို... ဒါတော့ မနုတင်ရယ်၊ ကိုယ့်အသက်သခင် ကျေးဇူးရှင်တစ်ယောက်အနေနဲ့ ဘယ်မေ့လို့ဖြစ်နိုင်ပါ့မလဲ... သတိတော့ ရတာပေါ့..."

မခင်လှဲ့သည် ခေါင်းကလေးငုံ့၍ ခပ်မဲ့မဲ့ပြောရင်း မနုတင်အား မျက်စောင်းတစ်ချက် ထိုးလိုက်သောကြောင့်...

"ကြည့်စမ်း... ကြည့်စမ်း... မျက်စောင်းတွေ ဘာတွေထိုးလို့... သူ့လူထိတာနဲ့ မချိအောင်နာသွားလိုက်တာ... ဘာပဲပြောပြော ရှင့်စကားက ကုလား မခေါ်ချင်လို့ အရာကြီး ခေါ်သလိုပါပဲ... ကျေးဇူးရှင်လိုပဲ သတိရရ... အသက်သခင်လိုပဲ သတိရရ... နောက်ဆုံးတစ်နေ့ကျတော့..."

"ဘာဖြစ်သလဲ ညားကြရောလား... ဒီလိုဆို ကျွန်မက သာတောင် သဘောကျသေးတယ်... ကဲ... ပြောဦးလေ..."

mgyoe.com

mgyoe.com



"အေး... အဲသလိုဘွင်းဘွင်းမှ ကျွန်မက သဘောကျတယ်... ကိုင်း... ဆိုစမ်း... ဒီကိစ္စကို ကျွန်မဘာယ်လို ကူညီရမလဲ ပြောသာ ပြော ကျွန်မ တတ်နိုင်သလောက် ဆောင်ရွက်ပေးမယ်... ရှင့်ကြည့်ရတာက တမှိုင်မှိုင်တတွေတွေနဲ့မို့ ကျွန်မလည်း စိတ်မကောင်းဘူး..."

ပြောင်သလို ချော်သလို အမူအရာမှ တည်ကြည်သော အမူအရာသို့ ပြောင်းသွားကာ တကယ့်စေတနာနှင့် ပြောလိုက်သော မနုတင်၏ စကားကိုကြားလိုက်ရသောအခါ "မစွမ်းရင်းကလည်း ရှိ၊ ကန်စွန်းခင်းကလည်းငြိ" ဆိုသကဲ့သို့ မခင်လှဲ့မှာလည်း ဗိုလ်တေမိအား သတိရနေသည်မှာ... သွေးရိုးသားရိုး မဟုတ်သည်တွင်... မနုတင်၏ ဝမ်းမြောက်ဖွယ်သော စကားကို ထပ်ဆင့်၍ ကြားလိုက်ရပြန်သောအခါ၌ ငိုချင်လျက် လက်တို့သလို ရင်ထဲတွင် ဖိုသွားရှာ၏။

"ရှင့်စိတ်ထဲ မခံချိမခံသာဖြစ်ပြီး အစစ်အမှန်တွေ ထွက်လာအောင် ပြောင်သလို ရွှတ်သလို ကချော်ကချွတ် ပြောရပေမဲ့ ကျွန်မလည်း စိတ်မကောင်းပါဘူး... မခင်လှဲ့ရယ်။ ရှင်... ဗိုလ်တေမိ အပေါ်မှာ ငြိနေတဲ့ သံယောဇဉ်ကြီးဟာ သေးသေးငယ်ငယ် မဟုတ်

mgyoe.com

mgyoe.com



ဘူးလို့ ကျွန်မထင်တယ်... ပြီး... ရှင် ကျွန်မတို့ အိမ်ရောက်တဲ့နေ့ကစပြီး... ယနေ့အထိ ရှင့်အမူအရာဟာ သာသာယာယာ မရှိခဲ့ဘူး။ မိန်းမတစ်ယောက်အနေနဲ့ဆိုရင် ရှင့်ဖြစ်ပုံဟာ တော်တော်အသည်းနာစရာကောင်းတာပဲ မိန်းမတန်မဲ့နဲ့ တစ်ဖက်သတ် ဆွေးနေရတယ်ဆိုတော့..."

"မှန်တယ်... မနုတင်... မှန်တယ်။ ကျွန်မကပဲ တစ်ဖက်သတ်စွဲနေတာ အမှန်ပဲ ကျွန်မ ဝန်ခံပါတယ်။ ဗိုလ်တေမိနဲ့ ကျွန်မဟာ တစ်ယောက်နဲ့တစ်ယောက် သမီးရည်းစားဖြစ်နေကြရင် ဒီလောက် စိတ်ထိခိုက်အောင် စွဲစွဲလမ်းလမ်း သတိရနေမှာ မဟုတ်ဘူး။ ခုတော့... သူပြုမူပြောဆိုလိုက်ပုံဟာ တစ်မျိုးကြီးလိုဖြစ်ပြီး သူ့ကိုပဲ သတိရနေတော့တယ်။ တစ်နည်းအားဖြင့်ဆိုရင်လည်း ဗိုလ်တေမိရဲ့ စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရားကို မလေးစား မကြည်ညိုဘဲ မနေနိုင်အောင် ဖြစ်မိရာက သူ့ကို မိုခိုချင်သလိုလိုအထိ ကျွန်မစိတ်ဟာ ကျယ်ပြန့်သွားတယ်..."

မခင်လှဲသည် စကားကို ရှေ့မဆက်သေးဘဲ... သက်ပြင်းကလေး တစ်ချက်မှုတ်ထုတ်လိုက်ပြီးမှ ခေါင်းကလေးခါရင်း...

"ဒါပေမဲ့လေ... ကျွန်မအဖို့မှာတော့ မနုတင် ပြောသလို

mgyoe.com

mgyoe.com



တစ်ဖက်သတ် ဆွေးနေရရုံရှိမှာပါပဲ သူကတော့ သတိတောင်ရမှာ မဟုတ်ဘူး..."

နောက်ဆုံးစကား၏ အဓိပ္ပာယ်မှာ ဝမ်းနည်းဖွယ်ကောင်း သလောက် မခင်လှဲ့ အသံကလေးမှာလည်း သေး၍သေး၍ တိမ် သွားကာ... မျက်လုံးအိမ်ကလေးသည်ပင် စိုတော့မယောင် ညှိုးငယ် သွား၏။ မနုတင်မှာလည်း... မခင်လှဲ့ ဖြစ်ပုံကို ကရုဏာမကင်း သောမျက်နှာဖြင့် ကြည့်နေရာ... တစ်စုံတစ်ရာ ပြောတော့မည်ပြု သည်တွင် မခင်လှဲ့လည်း ရုတ်တရက် ထ၍ အခန်းထဲသို့ ဝင်သွား သဖြင့် အကြောင်သား ငေးကြည့်နေလိုက်ရတော့၏။

အမှန်စင်စစ်အားဖြင့်လည်း ဗိုလ်တေမိပြောဆိုလိုက်သော စကားများမှာ မခင်လှဲ့လို ဥစ္စာပေါ ရုပ်ချော မိန်းမတစ်ယောက်အဖို့ မခံချိဖွယ်ရာပင် ဖြစ်တော့၏။ မခင်လှဲ့၏ ကျေးဇူးဆပ်မှုကို ငြင်း ပယ်ရာ၌... ဗိုလ်တေမိပြောသော စကားအဓိပ္ပာယ်သည် မည်မျှပင် အထောက်အထား ခိုင်လုံစေကာမူ ဤသို့သော အကြောင်းပြချက် ဖြင့် ငြင်းလိုက်သည်ကို မခင်လှဲ့ လုံးဝ မကျေနပ်ပေ။

တစ်နည်းအားဖြင့်လည်း အပျိုလူပျိုတို့၏ အစဉ်အလာကို ဖီလာဆန့်ကျင် တမင်အရွဲ့တိုက်လိုက်သလို ဖြစ်နေသောကြောင့်

mgyoe.com

mgyoe.com



လည်း အောင့်သက်သက်နှင့် အခံရခက်နေတော့၏။ အပျိုလူပျို လောကတွင် "ချစ်ပါရစေ"ဟူသော စကားမျိုးကို အပျိုကစ ပြော သည်ဟု အစဉ်အလာသည်မရှိ၊ သို့သော် မခင်လဲ့သည် အသက် သခင် ကျေးဇူးရှင်ကို ဂုဏ်ပြုသောအားဖြင့် "လက်ထပ်ယူပါရစေ" ဟု ဝံ့ဝံ့စားစားပြောခဲ့သည့်တိုင်အောင် ဗိုလ်တေမိသည် အမည်နှင့် လိုက်အောင် တေမိလုပ်လိုက်သည်မှာ ရက်စက်လှသည်ဟု မခင် လဲ့ ယူဆ၏။

လူ့စိတ်သည် ဆန်း၏။ အထူးသဖြင့် မိန်းမများ၏ စိတ် သည် ပို၍ဆန်း၏။ အကြင်မိန်းမပျိုတစ်ဦးသည် မိမိအား တစ်သက်တွင် မမေ့နိုင်လောက်သည့် စကားဖြင့်၊ ချီးကျူးသလို မြှောက်ပြောတတ်သည့် လူကိုသဘောကျ ကျေနပ်၍ တစ်သက် လုံး မမေ့တော့ပေ။ အခွင့်သာလျှင် ကြည်ကြည်ဖြူဖြူ ထိုသူကိုပင် ယူတတ်ကြသေး၏။ တစ်ဖန် မိမိအား မြှောက်လည်း မမြှောက် ချော့လည်းမချော့ ကော့ကော်ကံကား၊ နာကျည်းဖွယ် စကားများ ဖြင့်... ပက်ပက်စက်စက် ပြောတတ်သူ ယောကျ်ားကိုပင် တစ်သက် မမေ့နိုင်အောင် စွဲလမ်းသတိရတတ်ပေသေး၏။

ထို့အတူ မခင်လဲ့မှာလည်း မိမိမမျှော်လင့်ခဲ့သော စကားဖြင့်

mgyoe.com

mgyoe.com



ခါးခါးသီးသီး ငြင်းပယ်လိုက်သော ဗိုလ်တေမိအား ရက်နာနာမိသည်မှန်သော်လည်း နောက်ဆုံး၌ ဗိုလ်တေမိ၏ ဖြူစင်သော စိတ်ဓာတ်နှင့် တည်ခန့်သောရုပ်ရည်တို့သည် မခင်လှဲ့အား တစ်မျိုးတစ်မည် ဖန်တီးပေးလိုက်သလို ရှိတော့၏။

* * *

ထိုနေ့တစ်နေ့လုံး တိုက်ပွဲအခြေအနေမှာ... နေရာတိုင်း၌ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ မနေ့က ညဦးနှင့် နံနက်လင်းအားကြီးအချိန်တွင် အတော်ကလေး ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်ခဲ့ရသောကြောင့် ပင်ပန်းနွမ်းနယ်နေကြသော ရဲဘော်များမှာလည်း ငြိမ်ငြိမ်ရှက်ရှက် အိပ်စက်နေကြ၏။

၁၀ နာရီထိုးရန် ၁၅ မိနစ်သာလိုသော အချိန်တွင် စစ်မြေပြင်နောက်ပိုင်းသို့ ဘတ်စကားတစ်စီး ထိုးဆိုက်လာကာ ကားပေါ်မှ အမျိုးသမီးတစ်စု ဆင်းလာပြီး မရှေးမနှောင်းပင် ဘီစကွတ်၊ နို့ဆီဘူး၊ သကြားလုံး၊ ဖျော်ရည်ပုလင်း၊ ဆေးပေါ့လိပ်အစရှိသော စားသောက်ဖွယ်ပစ္စည်းများ ထည့်လာသော တောင်းကြီးများကို ကားပေါ်မှ သယ်ချပြီး သက်ဆိုင်ရာ အရာရှိများအား ပေးအပ်နေကြ၏။

mgyoe.com

mgyoe.com



"ဒီနေ့တော့ မဂ္ဂဇင်းစာအုပ်တွေ ဂျာနယ်တွေ မပါဘူးလား... ကျွန်တော်တို့ အနားယူတဲ့အခါ အဲဒီစာအုပ်တွေပဲ အဖော်လုပ်နေကြရတယ်..."

စစ်ဘက်အရာရှိတစ်ယောက်က... ဤသို့ပြောလိုက်သဖြင့် ခေါင်းဆောင်နှင့်တူသူ အမျိုးသမီးတစ်ဦးက...

"ဟုတ်ကဲ့... ဒီနေ့တော့ မပါဘူး... ဒါပေမဲ့ စာအုပ်တိုက်တွေမှာ အလှူခံထားပါသေးတယ်။ နက်ဖြန်သန်ဘက်ဆိုရင်တော့ ရလိမ့်မယ် ထင်ပါရဲ့..."

ထိုအခိုက် ၎င်းတို့ထဲမှ မိန်းမပျိုတစ်ဦးသည် ထိုနေရာမှ ထွက်လာလျက် ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်အောက်တွင် ပင်ရင်းကိုမှီ၍ ထိုင်နေသော ရဲဘော်တစ်ယောက်ဆီသို့ လျှောက်သွား၏။

"ဘာများ စဉ်းစားနေသလဲ ရဲဘော်... ရည်းစားပူမိနေပြီထင်တယ်... ဟဲ... ဟဲ..."

မိန်းမပျိုသည် ရဲဘော်အား အတော်ကလေး ခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေတစ်ယောက်ကဲ့သို့ ပြောဆိုလိုက်သော်လည်း ရဲဘော်၏ အမူအရာမှာမူ တစ်ကြိမ်တစ်ခါသော်မျှ သိကျွမ်းခဲ့သူမဟုတ်ပါဘဲလျက်၊ ဤမျှ ရဲရဲတင်းတင်း ပြောလိုက်ခြင်း ခံရသည့်

mgyoe.com

mgyoe.com



အခါ... ကြောင်ကြောင်လည်နေသော မျက်လုံးများဖြင့် မိန်းမပျို အား စိုက်ကြည့်နေ၏။

"စိတ်ဆိုးသလားရဲဘော်... မမက ပျော်တတ်လို့ ကျီစားတာ ပါကွယ်... ရော့ရော့..."

မိန်းမပျိုသည် ဤသို့ပြော၍ လက်ထဲတွင်ပါလာသော သကြားလုံးထုပ် တစ်ထုပ် လှမ်းပေးရင်း... ရဲဘော်အနီးတွင် ထိုင်ချလိုက်၏။ ရဲဘော်သည် မိန်းမပျိုပေးလာသော သကြားလုံးထုပ်ကို လှမ်းယူပင်ယူလိုက်သော်လည်း မိန်းမပျိုအား ကြည့်နေသော အမူအရာမှာ သင်္ကာမကင်းသော အသွင်ဆောင်လျက်ရှိ၏။

"ရဲဘော်က... မမကို မသင်္ကာဘူးထင်ပါရဲ့။ မမ(စပိုင်) မဟုတ်ပါဘူးကွဲ့။ သိချင်တာကလေး တစ်ခုရှိလို့ပါ။ ဟိုလွန်ခဲ့တဲ့ အရက် ၂၀ လောက်က ဈေးနားမှာ တိုက်ပွဲဖြစ်တုန်း သားအမိသုံး ယောက်ကို ကယ်ဆယ်လိုက်တဲ့ ဗိုလ်တေမိ တပ်ထဲမှာ ရဲဘော် လည်း ပါတယ်ဆို... မမအသိရဲဘော်တစ်ယောက် ပြောပြလို့ လာ ပြီး မိတ်ဖွဲ့တာပါကွဲ့..."

ထိုအချိန်တိုင်အောင် ရဲဘော်ကလေး၏ မျက်နှာမှာ ခပ်တင်း တင်းပင် ရှိနေသေးလျက် လိုက်လိုက်လျောလျော လက်ခံစကား

mgyoe.com

mgyoe.com



ပြောမည့် အမူအရာမျိုး ပေါ်မလာသေးဘဲ...

"ဟုတ်တယ်... ကျွန်တော် ဗိုလ်တေမိတပ်ကပဲ... သိချင်တာကလေးဆိုတာက ဘာလဲ... စစ်ရေးစစ်ရာကိစ္စနဲ့ ပတ်သက်တာတော့ ဘာမှမမေးနဲ့ ကျွန်တော် မဖြေဘူး..."

"စိတ်ချပါ ငါ့မောင်ရယ်... စစ်ရေးကိစ္စမမေးပါဘူး... ကိုယ်ရေးကိစ္စပါ။ ဒီလိုလေ... မမနာမည်က မနုတင်တဲ့ ခု မမတို့အိမ်ကို ရဲဘော်တို့ ကယ်ဆယ်လိုက်တဲ့ မိသားတစ်စု ရောက်နေကြတယ်။ သူတို့ကဖြင့် ရဲဘော်တို့အကြောင်းပြောလို့ကို မပြီးနိုင်ကြဘူး... ကျေးဇူးတင်တာတော့... ဘယ်ပြောကောင်းမလဲလေ..."

ထိုစကားကြားရမှပင် ရဲဘော်၏ အမူအရာမှာ ဖော်ဖော်ရွေရွေသဘောမျိုးဖြစ်လာကာ မနုတင်၏ စကားကို နားစွင့်လျက်ရှိ၏။

"အဲဒီရဲဘော်တို့ ကယ်လိုက်တဲ့ မခင်လှဲဆိုတဲ့ မိန်းကလေးက မမ သူငယ်ချင်းပေါ့... အင်မတန် သဘောထားပြည့်ဝတဲ့ ကောင်မလေး... ဒါနဲ့ စကားမစပ်ရဲဘော်တို့ ဗိုလ်ကြီး ဗိုလ်တေမိက လူပျိုပဲနော်..."

"ဟုတ်ကဲ့... လူပျိုပါ..."

"အေးကွယ်... ခပ်တိုတိုပဲ ပြောကြပါစို့၊ အချိန်လည်း သိပ်မရ

mgyoe.com

mgyoe.com



ဘူး... ခုနပြောတဲ့ မခင်လှဲ့တို့ကို ကယ်လိုက်တုန်းက မခင်လှဲ့က ကျေးဇူးဆပ်တဲ့အနေနဲ့ ယူပါရစေဆိုတာကို သူက ဘာ့ကြောင့် ငြင်းပယ်လိုက်တာလဲကွယ့်... ဗိုလ်တေမိမှာ ချစ်သူများရှိနေလို့လား... ရဲဘော်က သူ့တပ်သားဆိုတော့ သူ့အကြောင်းတော့ သိတန်ကောင်းရဲ့ဆိုပြီး မေးရတာပါပဲ... စပ်စုတယ်လည်း မအောက်မေ့ပါနဲ့နော်..."

ရဲဘော်သည် မနုတင်၏စကားကိုကြားလိုက်ရသည်နှင့် "ဘာတွေ လာမေးနေပါလိမ့်"ဟူသော အကြည့်မျိုးဖြင့် ကြည့်နေမိကာ... တစ်စုံတစ်ရာ စဉ်းစားသလို တွေသွား၏။

"ရဲဘော်ကတော့ ထင်မှာပဲ... မမစကားတွေဟာ ဆန်းနေတယ်လို့... မဆန်းဘူး ရဲဘော်။ ဖြစ်ရိုးဖြစ်စဉ်တွေပဲ... ရှင်းရှင်းပြောရရင်... ယောကျ်ားတစ်ယောက်ဟာ မိန်းမပျိုတစ်ယောက်ကို အကြောင်းတစ်ခုကြောင့် စွဲလမ်းချစ်ခင်မပြင်ရ မနေနိုင် ဖြစ်နေသလိုပဲ... မခင်လှဲ့ဟာ ဗိုလ်တေမိအပေါ်မှာ တော်တော်ကလေး စွဲစွဲလမ်းလမ်းဖြစ်နေရှာတယ်... ဒီကိစ္စကို မမက အကျိုးဆောင်တဲ့အနေနဲ့ စုံစမ်းနေရတာပါကွယ်... မမသိချင်တာက မခင်လှဲ့အပေါ်မှာ ဗိုလ်တေမိက ဘယ်လိုသဘောထားတယ်... သူ့မှာ ချစ်သူရှိသ

mgyoe.com

mgyoe.com



လား... ဒါမှမဟုတ် ဘာကြောင့် ဒီအသက်ဒီအရွယ်ထိအောင် မိန်းမ မယူသေးသလဲဆိုတာတွေ သိချင်လို့၊ ကဲ... ငါ့မောင်က သိသလောက် ပြောပြပါလားကွယ်... ဟင်..."

ရဲဘော်သည် မနုတင် ပြောသမျှစကားကို ဂရုတစိုက် နားထောင်နေရာမှ မနုတင် စကားဆုံးသည်နှင့်...

"ကျွန်တော်တို့ ဗိုလ်ကြီး... ဗိုလ်တေမိဟာ... လူပျိုမှ လူပျို အစစ်၊ မိန်းမနဲ့ ပတ်သက်လာရင် ဏ္ဍေကြီးလွန်းလို့... သူ့ကို ဗိုလ်တေမိလို့ ခေါ်ကြတာပေါ့... သူ့မှာ ချစ်သူရှိမရှိတော့ အတပ် မသိဘူး... ဒါပေမဲ့ ကြည့်ရတာတော့ ချစ်သူရှိတဲ့ လက္ခဏာမျိုး တစ်ခါမှ မတွေ့ရဘူး... သူအားနေရင် ကျွန်တော်တို့ ရဲဘော်တွေ ခေါ်ပြီး စစ်နဲ့ ပတ်သက်တဲ့ တက်နည်း ဆုတ်နည်း ပြောက်ကျား နည်းတွေကို သင်ပေးတယ်... ကိုယ်ကျင့်တရားကောင်းမွန်ရေး အတွက် ဆိုဆုံးမတယ်... တွေဝေနေတာရယ်လို့ တစ်ခါမှ မတွေ့ခဲ့ ရဘူး..."

ရဲဘော်လည်း စကားကို ရှေ့မဆက်သေးဘဲ မျက်မှောင်ကုတ်၍ ခပ်ငုံ့ငုံ့စဉ်းစားနေစဉ် မနုတင်သည် အိတ်ထဲမှ စီးကရက်ဘူးနှင့် မီးခြစ်ကို ထုတ်၍ ရဲဘော်အား လှမ်းပေးလိုက်ရာ... ရဲဘော်လည်း

mgyoe.com

mgyoe.com



ချက်ချင်းဆွဲယူ မီးညှိသောက်လိုက်ရင်း...

"ဒါပေမဲ့ ထူးခြားတာတစ်ခုကတော့ ဘယ်တုန်းကမှ တွေ့ဝေနေလေ့မရှိတဲ့ ဗိုလ်ကြီးတေမိဟာ... ခုနပြောတဲ့ဘယ်သူ... ဟိုမိန်းကလေးနာမည်..."

"မခင်လှဲ့လေ..."

"အဲ... အဲ... မခင်လှဲ့တို့နဲ့ တွေ့ပြီးကတည်းက... ဗိုလ်ကြီးတေမိဟာ... တစ်မျိုးဖြစ်နေသလိုပဲ... ငိုင်တိုင်တိုင်နဲ့... ဒါနဲ့ ကျွန်တော်တို့ကတောင် ဗိုလ်ကြီးကို လှောင်ကြသေးတယ်..."

"မိန်းမနဲ့ ပတ်သက်လာရင် တေမိလုပ်ခဲ့သမျှ ခု... ဟို မဒီကလေးနဲ့တွေ့တော့ စိပ်ပုတီးလွတ်ကျပြီ မဟုတ်လား ဗိုလ်ကြီး..." လို့ အဲသလို ပြောတော့..."

"မင်းတို့ ထင်ချင်သလို ထင်ပေါ့ကွာ... ငါတော့ ဝန်လည်းမခံဘူး၊ ငြင်းလည်း မငြင်းဘူး..." တဲ့။ ဝေ့လည်လည်ကြီး ပြန်ဖြေတယ်..."

"အဲသလို ကျွန်တော်တို့ လှောင်ဝံ့တာဟာလည်း... သူ့ဝါဒကို သိလို့ပဲ... ဗိုလ်ကြီးဟာ... စစ်ရေးကိစ္စနဲ့ ပတ်သက်လာရင်... အင်မတန် စည်းကမ်းကြီးတဲ့လူ။ ငယ်သားတွေ စစ်နဲ့ ပတ်သက်တဲ့

mgyoe.com

mgyoe.com



အသေးအဖွဲ ကိစ္စကလေးတစ်ခု ကျူးလွန်မိတဲ့အခါ ဒီ့ပြင် စစ်ဗိုလ်တွေက ခွင့်လွှတ်ပေမဲ့ သူခွင့်မလွှတ်ဘူး... ပြင်းပြင်းထန်ထန် အရေးယူလေ့ရှိတယ်။ ဘတ်စ်ကားစီးတာတောင်... ကားခတောင်းရင်ပေးရမယ်၊ ကားသမားက မယူလို့ အလကားစီးရင်လည်း ခရီးသည်တွေနဲ့ အတူတူ ထိုင်မစီးရဘူး၊ စပယ်ယာနဲ့ အတူတူ မတ်တတ်ရပ်လိုက်ရမယ်တဲ့... ဒီထိအောင် စည်းကမ်းကြီးတယ်..."

"ဟော... ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ပတ်သက်ရင်တော့ ငယ်သားတွေနဲ့ လည်ပင်းဖက်ပြီး... သူငယ်ချင်းလို နှီးနှောတိုင်ပင်လေ့ရှိတယ်... လူကလည်း နောက်တတ်ပြောင်တတ်တယ်။ ကျွန်တော်တို့ ပြန်နောက်ရင်လည်း... စိတ်ဆိုးလေ့မရှိဘူး။ မခင်လှဲ့ ကိစ္စတုန်းကများ ဗိုလ်ကြီးကို ကျွန်တော်တို့ တော်တော်ကလေး ဝေဖန်လိုက်ကြတယ်..."

"ဗိုလ်ကြီး... ဒီတစ်သက် မိန်းမ မယူဘူးလို့ ဆုံးဖြတ်ထားသလား..." အဲသလို ကျွန်တော်တို့ မေးတော့..."

"ဒီလိုတော့ ဘယ်ဟုတ်မလဲကွာ... မင်းတို့ စစ်သားတွေဟာ အိမ်ထောင်ရေးကို ပေါ့ပေါ့ဆဆ ဆုံးဖြတ်ဖို့ မသင့်ဘူး... တော်တော်အချိန်ယူပြီးစဉ်းစားရမယ့် အလုပ်ကွ..." တဲ့။

mgyoe.com

mgyoe.com



"အဲသလို ပြန်ဖြေတော့... ဒိပြင်ရဲဘော် တစ်ယောက်က..."

"ဒါပေမဲ့ ဗိုလ်ကြီးကို ကြည့်ရတာ... မခင်လှဲ့ကိုတော့ အတော် သဘောကျပုံရတယ်။ မခင်လှဲ့နဲ့ တွေ့ပြီးမှ ဗိုလ်ကြီးလည်း တစ်မျိုး ဖြစ်နေတယ်... ဟုတ်တယ် မဟုတ်လား ဗိုလ်ကြီး..." လို့ မေးလိုက်တော့... သူက အဓိပ္ပာယ်ပါတဲ့ အပြုံးမျိုးနဲ့ ပြုံးပြုံးကြီးရယ်ပြရင်းက...

"ဟော့ကောင်တွေ... ဘာလဲ... ဒီအမှုပေါ်ရင် မင်းတို့ ရာထူးတိုးမှာမို့ ဒီလောက်စစ်နေကြတာလား..." ဆိုပြီး သူ့ဟာသူ ဟက်ဟက်ပက်ပက်ကြီး ရယ်ချလိုက်သေးတယ်...

ဒါနဲ့ ကျွန်တော်က... "မဟုတ်ပါဘူး ဗိုလ်ကြီးရဲ့... ဗိုလ်ကြီးတို့ ကျွန်တော်တို့တစ်တွေ ရောက်ခဲ့တဲ့ နယ်တွေဟာ အနံ့ပဲ မဟုတ်လား... ကျွန်တော့်အဖို့တော့... မခင်လှဲ့လောက် လှတဲ့ မိန်းမမျိုး မတွေ့ခဲ့သေးဘူး... ဒီလို ဥစ္စာပေါရုပ်ချောတစ်ယောက်က... ချစ်ပါရစေ အသနားခံသော်လည်း ငြင်းပယ်တယ် ဗိုလ်ကြီးတေမိက ကွယ်... ဆိုသလို လုပ်လိုက်တော့ ဘယ်ကောင်းမလဲ ဗိုလ်ကြီးရဲ့" လို့ ပြောတော့...

"ဘာလဲကွ... မိန်းမချောချောကလေးတစ်ယောက်က... ငါ့ကို

mgyoe.com

mgyoe.com



ချစ်ပါရစေဆိုတာနဲ့ ငါက ပြန်ကြိုက်ရမှာလား... သူ့စိတ်သဘောထား ဘယ်လိုမှန်း မသိသေးဘဲနဲ့... တော်ရုံယောကျ်ားဆိုရင်တော့ ငမ်းငမ်းတက် ဖြစ်သွားမှာပဲ။ ဒါပေမဲ့ ငါမဖြစ်ဘူး... ငါ့မှာ စဉ်းစားတတ်တဲ့ ဦးနှောက်ရှိတယ်... နို့ပေမယ့်လည်း အဲဒီမိန်းကလေး အပေါ်မှာတော့... ငါနည်းနည်း ခင်မင်သလိုလို ဖြစ်မိတယ်..."

"ဒါဖြင့်... ဗိုလ်ကြီး... ဘာဖြစ်လို့ ငြင်းလိုက်သလဲ..."

"သူက ငါ့ကို ကျေးဇူးဆပ်တဲ့အနေမျိုးနဲ့ ယူမယ်သာဆိုတာ ငါ့ကိုချစ်လို့ မေတ္တာရှိလို့ ယူတာမျိုး မဖြစ်နိုင်ဘူး... ငါကလည်း အကြောင်းတစ်ခုခုကြောင့် ဖွတ်နှစ်ရတဲ့ အချစ်မျိုးကိုလည်း ဘယ်တော့မှ လက်မခံဘူး..." တဲ့။

"အဲဒါလောက်ပဲ သိရတယ်။ လူက လူတစ်မျိုးပါ မမနုရာ... မိန်းမနဲ့ ပတ်သက်ရင် တော်တော် ခြွင်းချက်များတဲ့လူ၊ ကဲ... ဒါပါပဲ... ကျွန်တော် ဘာအကူအညီပေးရဦးမလဲ..."

ရဲဘော်ကလေး၏ စကားဆုံးသည်နှင့် မနုတင်သည် တစ်စုံတစ်ရာပြောတော့မည် ပြုပြီးမှ ရင်ဘတ်တွင် ချိတ်ထားသော ဖောင်တိန်ကိုဖြုတ်ပြီး စက္ကူတစ်ရွက်အပေါ်တွင် စာလေးငါးလုံး ရေးခြစ်လိုက်ကာ ရဲဘော်ကလေးအား လှမ်းပေးလိုက်ရင်း...

mgyoe.com

mgyoe.com



"အဲဒါ မမနုတို့နေတဲ့ အိမ်လိပ်စာပဲ၊ ရောက်တဲ့အခါဝင်ပေါ့... ဟုတ်လား... ဒီလောက်သိရတာ အများကြီးကျေးဇူးတင်ပါတယ်... ဪ... ဒါနဲ့ ဗိုလ်တေမိကို တွေ့ချင်ရင် လွယ်လွယ်နဲ့ တွေ့နိုင်ပါ့ မလား..."

"ဒါတော့ သိပ်မလွယ်ဘူး၊ သူ အခု စစ်မြေပြင်မှာ တာဝန်ကျ နေတယ်။ တနင်္ဂနွေနေ့ကို ရောက်လာမလား မပြောတတ်ဘူး။ အစည်းအဝေးရှိတယ်လို့လည်း ကြားတယ်..."

"ကျေးဇူးပါပဲ ငါ့မောင်ရယ်... ကဲ... မမ သွားလိုက်ဦးမယ်... ရဲဘော်နာမည်က ဘယ်လိုခေါ်သလဲကွဲ့..."

"ရဲဘော်... ဝင်းကြိုင်..."

* * *

မနုတင်သည် စစ်စခန်းမှ ပြန်ရောက်လာသည်နှင့် အိမ်ပေါ်သို့ အပြေးကလေးတက်လာကာ မခင်လှဲ့အား မိမိစုံစမ်းသိရှိခဲ့ရသမျှကို တစ်လုံးမကျန် ပြောပြလိုက်သောကြောင့် မခင်လှဲ့တွင် ပထမသော်... အတော်ကလေး အားရဝမ်းသာ ဖြစ်သွားမိသော်လည်း စေ့စေ့တွေးလိုက်သောအခါ၌ ဗိုလ်တေမိနှင့် နီးစပ်နိုင်ဖို့

mgyoe.com

mgyoe.com



အရေးမှာ ကိုယ့်နားရွက်ကိုယ် ပြန်ကြည့်ရသကဲ့သို့ ကြည့်လေ ဝေးလေဖြစ်နေသည်ကို စဉ်းစားမိသည်။

မိန်းမပျိုတစ်ယောက်အနေဖြင့် ယောကျ်ားတစ်ယောက်ကို (မိန်းမကပိုး) လုပ်ရသည်မှာ လွယ်ကူသည်မဟုတ်၊ လွယ်သည် ထားဘိဦး၊ မိန်းမတို့ ဣန္ဒြေကို မငဲ့ကွက် အရှက်ကိုလည်း မထောက် ထားဘဲ အတင်း (နသားဘယား) ရမည်ကလည်း ပထမအကြိမ် လက်ထပ်ယူမည်ပြောစဉ်က ဗိုလ်တေမိ ငြင်းလိုက်သောကြောင့် အရှက်ကြီးရှက်ခဲ့ပြီး ဒုတိယအကြိမ် ဤအတိုင်းဖြစ်ဦးမည်ဆိုလျှင် လဲသေဖွယ်ရာသာ ရှိတော့သည်မဟုတ်ပါလော။

"ဘယ်လိုနည်းနဲ့မှ ဖြစ်နိုင်ဖို့ လမ်းမမြင်တော့ပါဘူး မနုတင် ရယ်... ကိုယ့်စိတ်ကိုယ် ဖြေပြီး နေတတ်သလို နေလိုက်တာပဲ ကောင်းပါလိမ့်မယ် ထင်ပါရဲ့"

"ဒီလိုနေနိုင်ရင်တော့ ကောင်းသားပဲ၊ ကျွန်မ သိရသလောက် တော့ ဗိုလ်တေမိကလည်း ရှင့်အပေါ်မှာ ညွတ်ချင်သလိုလိုပဲတဲ့။ မခင်လှဲ့ရဲ့ စိတ်သဘောထား ဘယ်လိုရယ်လို့ မသိသေးလို့သာ ငြင်းလိုက်တာဆိုတော့ ဒီလိုလုပ်ရင် မကောင်းဘူးလား... သူ့ကို တစ်နေ့လောက် ထမင်းစားဖိတ်ပြီး အကဲခတ်ရရင် ဘယ့်နှယ်

mgyoe.com

mgyoe.com



လဲ…"

မနုတင်က မဆီမဆိုင် အိုးကမပူ စလောင်းက ပူသလို အကြံပေး ဉာဏ်ပေးပြောနေသည့်တိုင်အောင် မခင်လှဲမှာ စိတ်နောက်ရှုပ်ထွေး ခေါင်းထဲတွင် ထွေသွားသကဲ့သို့ ခေါင်းကလေးကို ခါကာ ယမ်းလျက်…

"တော်တော်အစဉ်းစားရ ကျပ်ပါတယ် မနုတင်ရယ်…" ဟူ၍ စိတ်ပျက်လက်ပျက် ပြောလိုက်သောကြောင့် မနုတင်မှာလည်း တစ်စုံတစ်ရာ ဘာမျှထပ်မပြောတော့ဘဲ မခင်လှဲအနီးမှထ၍ အခန်းထဲသို့ ဝင်သွား၏။

နောက်တစ်နေ့နံနက် မှန်တင်ခုံတွင် ဆင်ပြင်ဖြီးလိမ်းနေသော မနုတင်အား… မခင်လှဲသည် အနီးသို့ လျှောက်လာရင်း…

"ဒီနေ့လည်း သွားရဦးမလား မနုတင်…" ဟု မေးလိုက်သဖြင့် မနုတင်လည်း မျက်ခုံးမွေးဆွဲနေရာမှ…

"ဒီနေ့တင်… ဘယ်ကမလဲ… နေ့တိုင်းလိုလို သွားရလိမ့်မယ်၊ အရှေ့ပိုင်းရပ်ကွက်က ထမင်းထုပ်အတွက် ကျွန်မတို့ အမျိုးသမီးအဖွဲ့က လုံးဝတာဝန်ယူထားလိုက်ပြီလေ…"

မခင်လှဲသည် ပြတင်းပေါက်ကို ထိုးဖောက်ဝင်ရောက်လာ

mgyoe.com

mgyoe.com



သော နေခြည်ကို ရီဝေသော မျက်လုံးများဖြင့် ငေးကြည့်နေ၏။

"ကျွန်မလည်း လိုက်မယ်နော်..."

"ဗိုလ်တေမိနဲ့ တွေ့လိုတွေ့ငြား ဆိုပါတော့..."

မခင်လှဲသည် တစ်စုံတစ်ရာ ဘာမှ အဖြေမပေးဘဲ မနုတင်အား နောက်မှနေ၍ သိမ်းကျုံးပွေ့ဖက်ပြီး ဘယ်ပြန်ညာပြန် နမ်းပစ်လိုက်တော့၏။

မခင်လှဲတို့ စစ်စခန်း ထမင်းထုပ်ဌာနသို့ ရောက်သည်မှာ နံနက် ၁၀ နာရီမှဖြစ်ပြီး ယခု ၃ နာရီထိုးသည့်တိုင်အောင် ဗိုလ်တေမိကို မဆိုထားဘိ၊ ရဲဘော် ဝင်းကြိုင်ကိုပင် မတွေ့ရသောကြောင့် မခင်လှဲမှာ ဝမ်းနည်းသလို၊ ဆွေးသလိုနှင့် ရင်ကလေး တဖိုဖို ဖြစ်နေရှာ၏။ အိမ်မှာနေလျှင် မေ့မေ့ပျောက်ပျောက်နှင့် စိတ်သက်သာရာ ရပေဦးမည်။ တွေ့လိုတွေ့ငြားဟု သဘောထားကာ လိုက်ခဲ့ပြီး ယခုကဲ့သို့ မှန်းခြေမကိုက်ဖြစ်ရသည်က ပို၍ပင် စိတ်ကို ထိခိုက်စေသကဲ့သို့ ဖြစ်နေ၏။

နောက်တစ်နေ့တွင်မူ မခင်လှဲသည် မနုတင်နှင့် လိုက်မသွားတော့ဘဲ အိမ်မှာပင် နေခဲ့ရန် ဆုံးဖြတ်ပြီး အခန်းထဲမှ မထွက်သေးဘဲ ခုတင်ပေါ်တွင် မှောက်၍ တောင်မြောက်လေးပါး စဉ်းစားနေခိုက်

mgyoe.com

mgyoe.com



တွင်...

"ဟော့... မခင်လှဲ့... ဒီနေ့ မလိုက်တော့ဘူးလား၊ အေးလေ... လိုက်ချင်လိုက် မလိုက်ချင်နေပေါ့... ဒီမှာ ထကြည့်စမ်း၊ သတင်းထူးတစ်ခုပါလာတယ်..."

မနုတင်သည် ကိုင်ထားသော သတင်းစာကို ဖြန့်ပြရင်း မခင်လှဲ့အနီးတွင် ထိုင်ချလိုက်၏။

**ထမင်းထုပ်ထဲမှ စာတစ်စောင်**

ယမန်နေ့ နံနက်ပိုင်း စမ်းချောင်းဘက်မှ ပေးပို့လိုက်သော ထမင်းထုပ်များကို ရဲဘော်များအား ဝေငှပေးရာ၌ ရဲဘော်ရွှေကြူးဆိုသူ ရသော ထမင်းထုပ်ထဲတွင် အောက်ပါအတိုင်း စာတစ်စောင် ပါလာသည်ကို တွေ့ရသည်။

**စာမူအတိုင်း ဖော်ပြပါသည်။**

ညွှန့်အချစ်ရဲဘော်...

အခုဆိုရင် ညွှန့်အသက် ၁၈ နှစ်ရှိပါပြီ၊ ညွှန့်တစ်ခါမှ ရည်းစားမထားခဲ့ဘူးပါ။ ဒီလို ရည်းစားမထားခဲ့တာလည်း ကြိုက်တဲ့လူ မတွေ့လို့... လို့ မထင်လိုက်ပါနဲ့ ရဲဘော်ရယ်။ ညွှန့် ရုပ်ရည်ဟာ အချောအလှကြီး မဟုတ်သော်လည်း...

mgyoe.com

mgyoe.com



ရွှက်ကြမ်းရေကျို လူပျိုတွေ လှည့်မကြည့်ဘဲ မနေနိုင်တဲ့ ရုပ်မျိုးဆိုရင် ရဲဘော် ခန့်မှန်းနိုင်လောက်ပါပြီနော်…”

ညွှန့်လေ… တိုင်းပြည်နဲ့အမျိုးအတွက် အသက်စွန့်ထားတဲ့ ရဲဘော်ကိုမှ ယူမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ် ရဲဘော်ရယ်… ဒါပေမဲ့… ဘယ်ရဲဘော်ယူရမလဲဆိုတာ မခွဲခြားနိုင်တာကြောင့်… ဒီစာကိုရေးပြီး ထမင်းထုပ်ထဲ ထည့်လိုက်ပါတယ်။

ဒီစာကို ရတဲ့ ရဲဘော်ဟာဖြင့် ညွှန့်ရဲ့ ဖူးစာရှင်ပဲလို့ ယူဆပြီးပြီ ဖြစ်တဲ့အတွက် ရဲဘော်ရဲ့အကြောင်း အကျိုးနဲ့ တကွ လိပ်စာကိုပါ ( ) သတင်းစာကနေပြီး ဖော်ပြပေးပါလား… ရဲဘော်နော်…

ရဲဘော်ရဲ့ အချစ်ကလေး

ညွှန့်

ရဲဘော်ရွှေကြူးသည် ၎င်းရရှိသော အထက်ပါစာကို ကိုင်လျက် ကျွန်ုပ်တို့ သတင်းထောက်ထံ ပြေးလာပြီး ဝမ်းမြောက်အူရွှင်နေသော မျက်နှာဖြင့် ပြောပြရင်း သတင်းစာတွင်ထည့်ပေးရန် တောင်းပန်သောကြောင့် ရေးကူးထည့်သွင်းပေးလိုက်ရပေကြောင်း

mgyoe.com

mgyoe.com



ရှင်းရဲဘော် ရွှေကြူး၏ လိပ်စာမှာ... (ရဲဘော်ရွှေကြူး မြသွေး ဆံပင်ညှပ်ဆိုင်မှ တစ်ဆင့် ဦးဝိစာရလမ်း) ဖြစ်သည်ဆိုကြောင်း။

မခင်လှဲသည် ထိုသတင်းကို ဖတ်ပြီးသည်နှင့် မနုတင်အား "ဒါက ဘာသဘောမျိုးလဲ" ဟူသော အကြည့်မျိုးဖြင့် ငေးကြည့်နေသောကြောင့်...

"ကဲ... မရွှေလှဲ... ရှင်လည်း... ဒီနည်းမျိုးနဲ့ ဖူးစာရှင် ရွေးပါလား... အဲဒါ ဂုဏ်မငယ်တဲ့ စေ့စပ်ရေးနည်းမျိုးပေါ့..."

မခင်လှဲသည် ဘာဘာညာညာ အဖြေမပေး။ တွေငေးကြီး ငေးနေပြီးမှ...

"အဲဒီနည်းမျိုးသုံးပြီဆိုပါတော့... ဒီစာက ဗိုလ်တေမိလက်ထဲတွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မယ်လို့ ဘယ်သူက သိနိုင်မှာတဲ့လဲ... ဒိပြင်လူ လက်ထဲရောက်သွားရင်ကော..."

"ဒါတွေမမေးနဲ့... ဗိုလ်တေမိလက်ထဲကို သေချာပေါက် ရောက်မယ်ဆိုရင်... ရှင်သဘောတူမလား... ဒါသာပြော..."

မခင်လှဲသည် ပြုံးပြုံးကလေး မဲ့ပြရင်း ခေါင်းညိတ်လိုက်သောကြောင့် မနုတင်သည် မခင်လှဲအား မျက်စောင်းထိုးကြည့်ရင်း...

"ဒါနဲ့များ ပြောသေးတယ်... ကိုယ့်စိတ်ကိုယ် ဖြေပြီး နေတတ်

mgyoe.com

mgyoe.com



သလို နေတာပဲ ကောင်းသလေး ဘာလေးနဲ့”ဟု ပြောပြောဆိုဆို မနုတင် ထသွားပြီး မကြာမီ ပြန်ထွက်လာသောအခါ စာရေးစက္ကူ ကတ်တစ်ခုနှင့် ဖောင်တိန်ပါယူလာကာ မခင်လဲ့အား လှမ်းပေးရင်း...

“ကဲ... ရေး... ဖူးစာရှင်ရွေးတဲ့... စာ” ဟု ပြောလိုက်သောကြောင့် မခင်လဲ့မှာ ကြောင်အမ်းအမ်းနှင့် လှမ်းယူလိုက်ရသော်လည်း ဘာဘယ်လိုရေးရမည်မသိ၊ မနုတင်ကိုသာ တွေတွေကြီး ကြည့်နေ၏။

“ဘာလဲ မရေးတတ်ဘူးလား... လင်တော့ လိုချင်တယ် ရည်းစားစာတော့ မရေးတတ်ဘူး ကဲ... ကျွန်မ ပြောသလိုလိုက် ရေး...”

မနုတင်သည် စောစောက သတင်းစာထဲတွင်ပါသော “ညွှန့်” ဆိုသူရေးသည့် စာသားမျိုးအတိုင်း ပါးစပ်ဖြင့် ကြောင်းပေးသဖြင့် မခင်လဲ့က လိုက်၍ ရေးနေပြီး ဆုံးသွားသည်နှင့် နှစ်ယောက်သား ပြန်၍ ဖတ်ကြည့်ကာ ပိုသည်ကို နုတ်၍ လိုသည်ကို ထပ်ဖြည့်ရင်းနှင့်ပင် သုံးလေးကြိမ် ရေးပြီးမှ အချောဆုံး အကောင်းဆုံးဖြစ်လာသော စာတစ်စောင်ကို မခင်လဲ့သည် လက်ရေးလှလှကလေးဖြင့် ထပ်မံရေးကူးနေ၏။

mgyoe.com

mgyoe.com



"ကဲ... ပြီးပလား... "လဲ့" လို့ အောက်က လက်မှတ်ထိုး လိပ်စာပါထည့်လိုက်၊ ၄၂၉၊ လမ်း ၅၀ ရန်ကုန်မြို့..."

မခင်လဲ့သည် မနုတင်အား ဇတ်ခနဲ မော့်ကြည့်တဲ့ကာ "လိပ်စာထည့်လို့ ကောင်းပါ့မလား... မနုတင် သတင်းစာထဲပါနေရင် ရှက်စရာကြီး" ဟု ပြောလိုက်သည်ကို...

"ရှင့်လူက ဒီလောက်လည်း အမြင်မကျဉ်းဘူးရှင့် သူကိုယ်တိုင်က ရှင့်ထက်ပိုပြီး ရှက်တတ်မယ့်လူပါ တွေးပူမနေပါနဲ့..."

မနုတင်ဤသို့ပြောလိုက်မှ မခင်လဲ့သည် မနုတင်၏ တွေးခေါ် မြော်မြင်တတ်ပုံကို မချီးမွမ်းဘဲ မနေနိုင်... ထိုင်ရာမှ ရုတ်တရက်ထပြီး မနုတင်အား ဖက်ရမ်းနမ်းရှုပ်ပါးစပ်ချင်းတေ့၍ စုပ်လိုက်သောကြောင့်...

"ဖယ်ပါ... ကျွန်မကို ခုနေအခါသာ နမ်းမှာ... တော်ကြာ နမ်းရမယ့်လူ ရောက်လာရင် ရှင် ကျွန်မကို သတိတောင်ရမှာ မဟုတ်ဘူး..."

မနုတင်သည် မခင်လဲ့အား အသာအယာ တွန်းပစ်ရင်း... ပြောကာ အခန်းထဲ ဝင်သွားတော့မည်ပြုသဖြင့် မခင်လဲ့က လှမ်းဆွဲဖက်ရင်း ခပ်ကြမ်းကြမ်း နမ်းလိုက်ပြီးမှ...

mgyoe.com

mgyoe.com



"စာရေးပြီးတာတော့ ဟုတ်ပါပြီ။ ဒီစာ သူ့လက်ထဲ... ရောက်အောင် ဘယ်လိုလုပ်မှာလဲ အကျိုးဆောင်ကြီးရဲ့"

"ခု ကျွန်မတို့ ထမင်းထုပ် တာဝန်ကျနေတယ် မဟုတ်လား... ဒီတော့ စစ်စခန်းကို နေ့တိုင်းလိုလို ရောက်မှာပဲ... ဗိုလ်တေမိကိုလည်း တစ်နေ့မတွေ့ တစ်နေ့တော့ တွေ့မယ်။ သူ့ကို တွေ့တဲ့နေ့မှာ... ထမင်းထုပ်တစ်ထုပ်ထဲ ရှင့်စာကို... ထည့်ပြီး ဗိုလ်တေမိ လက်ထဲရောက်အောင် တစ်ယောက်ယောက် အပေးခိုင်းလိုက်မှာပေါ့... မသကာ ကျွန်မကိုယ်တိုင်ဖြစ်ဖြစ် သွားပေးမယ်။ ဒါပေမဲ့ မခင်လှဲ့ လိုက်နိုင်ရင်တော့ ပိုကောင်းမှာပဲ... တစ်နည်းနဲ့ မဟန်ရင် တစ်နည်းကြံနိုင်တာပေါ့... သူ့ကို ဘယ်နေ့တွေ့ရမယ်ဆိုတာ အတပ် မသိတော့... ရှင်နေ့တိုင်း လိုက်နိုင်ပါ့မလား..."

ဤအမေးကို မခင်လှဲ့ ရုတ်တရက် မဖြေသေး အဝေးသို့... ငေးကြည့်နေပြီးမှ...

"လိုက်တာတော့ လိုက်နိုင်ပါတယ်... ကျွန်မကို မြင်ရင် ဆင်ထားတဲ့ဖဲမှန်း သိသာမနေဘူးလား... အဲဒါမှသာပြီး ရှက်စရာကောင်းတာ..."

"အောင်မယ် ဘာခက်တာလိုက်လို့ ထောင်နေကျ အမောက်

mgyoe.com

mgyoe.com



လှဲပြီး ပိပိရိရိ ဖြီး၊ ပိုးလက်ကိုင်ပဝါတစ်ထည် လည်ပင်းမှာစည်း၊ မျက်မှန်နက်တစ်ခုတပ်၊ သူ့ရှေ့သွားရပ်ပြီး စကားပြောတောင် မှတ်မိမှာ မဟုတ်တော့ဘူး... ကဲ... ဘယ်နှယ့်ရှိစ..."

* * *

တစ်ရက်နှစ်ရက်လည်းမဟုတ်၊ လေးရက်လည်းမက၊ ကိုးရက်မျှ ကြာခဲ့သည့်တိုင်အောင် မခင်လှဲသည် မနုတင်တို့နှင့် လိုက်၍ ဗိုလ်တေမိအား တွေ့ရနိုးနိုးနှင့် မျှော်ကိုးခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရ၏။ စုံစမ်းမေးမြန်းကြည့်သောအခါ၌လည်း ဗိုလ်တေမိမှာ အရေးကြီးသော စစ်ဆင်ရေးအတွက် အထက်တာန်း အရာရှိများနှင့် တိုင်ပင်ကာ နေ့မအား ညမအား ပြင်ဆင်မှုဖြင့် အလုပ်များနေသည်ဟု သိရသဖြင့် မခင်လှဲမှာ တဖြည်းဖြည်း စိတ်ပျက်စ ပြုလာတော့၏။ ယနေ့လည်း မလိုက်ဘဲနေခဲ့မည်ကြံရာတွင် မနုတင်က မရမကခေါ်သောကြောင့်သာ လိုက်ခဲ့ရ၏။ စိတ်ကား မပါလှပေ။

အချိန်မှာ ၁၁ နာရီထိုးရန် ၅ မိနစ်ခန့်သာ လိုတော့သည် ဖြစ်၍ နေ၏ အပူရှိန်မှာ တဖြည်းဖြည်း ပြင်းစပြုလာ၏။ ထိုအချိန်

mgyoe.com

mgyoe.com



၌ ဗိုလ်တေမိသည် သတင်းထောက်အချို့နှင့်အတူ... သစ်ပင်တစ်ပင်အောက်တွင်ရပ်၍ စကားပြောရင်း ခပ်လှမ်းလှမ်းရှိကွင်းပြင်ထဲတွင် ဆင်ထားသော အမြောက်ကြီးများကို လက်ညှိုးညွှန်ပြကာ တိုက်ပွဲအခြေအနေကို ပြောပြလျက်ရှိ၏။

ထိုအခိုက်တွင် မနီးမဝေးရှိသစ်ပင်အောက်ဆီမှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသဖြင့် ဗိုလ်တေမိသည် ထိုနေရာသို့ လှည့်ကြည့်ပြီး ချက်ချင်းပင် လျှောက်လာခဲ့၏။

အဆိုပါ နေရာသို့ရောက်၍ ဖြစ်ပျက်နေကြသော အခြင်းအရာကို ကြည့်လိုက်သည်၌ ရဲဘော် အချို့သည် တောင်းတစ်ခုထဲမှ ထမင်းထုပ်များကို တစ်ထုပ်ပြီးတစ်ထုပ် ဖြေကြည့်နေကြရင်း...

"ဗလာ..."

"ဟောဒီမှာ စာတစ်စောင်ပါတယ် (တိုက်ပွဲဝင် ရဲဘော် အသက်ရာကျော် ရှည်စေသော်...) တဲ့"

"ဗလာ..."

"ဗလာပဲ..."

"ဒါလည်း... ဗလာ..."

ဤသို့ အော်ဟစ်ဆူညံရင်း ထမင်းထုပ်များကို ဖြေကြည့်

mgyoe.com

mgyoe.com



လိုက် ပြန်ထုပ်လိုက်နှင့် အလုပ်ရှုပ်နေကြသည်ကို နီ၍ရဲနေသော မျက်နှာကြီးဖြင့် နောက်မှ ရပ်ကြည့်နေသော ဗိုလ်တေမိသည် ၎င်းရဲဘော်များ အနီးသို့ တိုးဝင်သွားပြီး...

"ဒါက ဘာသောက်ကျင့်တွေလဲ... ဟင်... ဒီထမင်းထုပ်တွေကို ဖြေကြည့်ဖို့ အခွင့်အရေး မင်းတို့ကို ဘယ်သူပေးထားသလဲ... ထမင်းထုပ်ရောက်လာရင် ဆိုင်ရာဆိုင်ရာကို ချက်ချင်းသတင်းပို့ဖို့ ဝတ္တရားပျက်ရုံတင်မကသေးဘူး... စောင့်စည်းအပ်တဲ့ စည်းကမ်းကို ဖောက်ဖျက်နေကြတယ်... ဘာလဲ... ထမင်းထုပ်တွေ ဖြေပြီး... "ဖူးစာရှင်" ရွေးတဲ့စာကိုရှာကြတာလားကွ... ဟေ..."

ဗိုလ်တေမိသည် အသားများ တဆတ်ဆတ် တုန်လျက်... မျက်နှာကြီးမှာလည်း ကြောက်ခမန်းလိလိ နီရဲနေသည်ကို ထောက်သော်... သည်းမခံနိုင်လောက်အောင် ဒေါသဖြစ်နေကြောင်း ထင်ရှားနေသည်ဖြစ်ရာ ရဲဘော်များမှာလည်း ဦးခေါင်းကို ငိုက်စိုက်ချလျက်... ပေးသမျှ အပြစ်ဒဏ်ကို မတွန့်မဆုတ် ခံတော့မည်နှယ် မျက်နှာကလေးတွေ ငယ်နေကြ၏။

"တပည့်မကောင်းရင် ဆရာ့ခေါင်းကွ... ဆရာ့ခေါင်း၊ ငါ့လောက် ဆုံးမတာလည်း ငါပဲ ရှိတယ်၊ ဒီအထဲက ကြားဖောက်ပြီး

mgyoe.com

mgyoe.com



မိုက်လုံးကြီးနေကြတာ ငါဖြင့်... စဉ်းစားလို့ကို မရတော့ဘူး ဟို တစ်လောက အိမ်တစ်အိမ်မှာ တွေ့ခဲ့တဲ့..."

**ဆရာကောင်း၏ တပည့်ဖြစ်ဖို့ရန် လွယ်ကူသလောက်...**

**တပည့်ကောင်း၏ ဆရာဖြစ်ဖို့ရန် ခဲယဉ်းလေသည်။**

ဆိုတဲ့ စာတန်းကလေးတစ်ခုနဲ့ ပတ်သက်ပြီး... မင်းတို့ကို ဆုံးမစကား ပြောခဲ့တာ တစ်လမပြည့်သေးဘူး... ခု မင်းတို့ ငါ့ မျက်နှာကို အိုးမဲသုတ်ကြတယ်။ မင်းတို့ကို ငါအရေးပေး ချစ်ခင် သလောက် မင်းတို့ ငါ့ကို မလေးစားကြဘူး..."

ဗိုလ်တေမိသည် စကားကို ရှေ့မဆက်သေးဘဲ ရုတ်တရက် ရပ်လိုက်ပြီး ငုံ့နေကြသော ရဲဘော်များကို တစ်ယောက်စီကြည့် ကာ...

"ဟော့... ရဲဘော်တွေ..."

ရဲဘော်အားလုံးပင် ခေါင်းမော်လာပြီး ဝမ်းနည်းလှိုက်ဖို မျက် ရည်ယိုတော့မည်ကဲ့သို့ ဝိုင်းဝိုင်းလည်နေသော မျက်လုံးများဖြင့် ဗိုလ်တေမိအား ကြည်ညိုစွာ ကြည့်နေကြသည်တွင်...

"မင်းတို့ငါ့ကို..."

"မသနားကြဘူးလား..."

mgyoe.com

mgyoe.com



"မချစ်ကြဘူးလား"

"မသနားကြဘူးလား…"

"မချစ်ကြဘူးလား"

ဗိုလ်တေမိ၏ အသံမှာ တဖြည်းဖြည်း ကျယ်လောင်စူးရှလာသည် မှန်သော်လည်း မျက်နှာထား အမူအရာမှာ နိုင်လိုမင်းထက် ကြိမ်းမောင်းနေသော လက္ခဏာမျိုးမပြဘဲ ချစ်လှစွာသော သားသမီးများအပေါ်၌ အားမလိုအားမရဖြစ်နေသော ဖခင်၏ စိတ်မျိုးဖြင့် ကရုဏာအိုး ပေါက်ကွဲနေခြင်းမျှသာ ဖြစ်၏။

"ဒါကိုတော့ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး မင်းတို့ အားလုံး ဝတ္တရားပြီးရင် ငါနဲ့လာတွေ့ရမယ်…"

ဗိုလ်တေမိသည် ချက်ချင်းပင် ထိုနေရာမှ သတင်းထောက်များနှင့်အတူ ထွက်လာရင်းက…

"ခုတစ်လော… ထမင်းထုပ်ထဲ စာထည့်ပြီး ဖွးစာရှင် ရွေးကြတယ်ဆိုတာ ဘာဘယ်လိုစိတ်ကူးပြီး လုပ်ကြတယ်ရယ်လို့ ကျွန်တော်ဖြင့် စဉ်းစားလို့ကို မရပါဘူးဗျာ… တစ်လောတုန်းကပဲ သတင်းစာတွေထဲ တွေ့လိုက်ရသေးတယ်… ဒါမျိုးတွေ… ကျွန်တော်တော့ သိပ်သဘောမကျဘူး ဆရာတို့ သတင်းထောက်

mgyoe.com

mgyoe.com



တွေကကော ဘယ်လို သဘောရသလဲ..."

"ဒါတော့ အဆိုးအကောင်း ဝေဖန်ဖို့ မလွယ်လှဘူး... စာရေးသူ မိန်းကလေးရဲ့ စေတနာအပေါ်မှာ တည်တာပဲ..."

ဗိုလ်တေမိ၏ မေးခွန်းကို သတင်းထောက်တစ်ယောက်က ဤသို့ ဝင်ဖြေလိုက်သောကြောင့်...

"ဟုတ်တော့လည်း ဟုတ်ပါတယ်... တချို့က ထမင်းထုပ်တွေထဲကို ပိုက်ဆံတွေထည့် စာတွေထည့်နဲ့ တကယ့် စေတနာထားပြီး မြှောက်စားကြတာတော့ ကျေးဇူးတင်စရာပေပဲ။ ဒါပေမဲ့ တစ်ခါတစ်ခါ အဲဒီကိစ္စတွေကပဲ ရဲဘော်တွေရဲ့ ကိုယ်ကျင့်တရားကို ပျက်ပြားအောင် ဖန်တီးသလို ဖြစ်ဖြစ်သွားတယ်။ ဘယ်သူ့ ဘယ်သူမှတော့ အဆိုးမဆိုသင့်ပေဘူးပေါ့ဗျာ... ရဲဘော်တွေကလည်း နုသေးသကိုး... ပိုက်ဆံတို့ စာတို့ဆိုတာ ဖယ်ထား ထမင်းထုပ် ရိုးရိုးတောင် ဝမ်းဘဲဥနဲ့ ဆားသာပါတဲ့ ထမင်းထုပ်ကို ဘေးဖယ်ပြီး ဝက်သား၊ ကြက်သားပါတဲ့ ထမင်းထုပ်မှ ရွေးစားတဲ့ ရဲဘော်တွေကလည်း ရှိသေးတယ်... ဒါလည်း ညစ်ပတ်မှု တစ်မျိုးပေါ့ဗျာ..."

သတင်းထောက်များသည် တစ်စုံတစ်ရာ ဘာမျှ ပြောဆိုပြန်ကြားခြင်းမရှိဘဲ ဗိုလ်တေမိပြောသော စကားများကိုသာ နား

mgyoe.com

mgyoe.com



စိုက်ထောင်ရင်း လျှောက်လာကြ၏။

"ဘာပဲဖြစ်ဖြစ် ဖူးစာရှင်ရွေးတဲ့စာမျိုး အချစ်နဲ့ ပတ်သက်ပြီး မစားရဝခမန်းရေးထားတဲ့ စာမျိုးတွေထည့်ပေးတာတော့ ကျွန်တော် မကြိုက်ဘူး၊ ခင်ဗျားတို့ သတင်းစာတွေကလည်း ကျေးဇူးပြုပြီး ရေးပေးရင် ကောင်းမှာပဲ။ လွန်ခဲ့တဲ့ ၅ ရက်လောက်က စာတစ်စောင် နဲ့ ပတ်သက်ပြီး သတင်းစာတစ်စောင်ထဲ ပါလာတဲ့ကိစ္စဟာ တော်တော်အရုပ်ဆိုးသဗျာ..."

"(ဒီစာရတဲ့ ရဲဘော်ဟာ ကျွန်မရဲ့ ဖူးစာရှင်ပါပဲ၊ ကျွန်မနဲ့ လာတွေ့ပါ...) ဆိုပြီး လိပ်စာအပြည့်အစုံနဲ့ စာတစ်စောင် ထည့်ပေး လိုက်သတဲ့၊ ဒီစာကို ရဲဘော်တစ်ယောက်ကရတော့ မျောက်မီးခဲ ထိုင်မိသလို မနေနိုင်အောင်ဖြစ်ပြီး ဝမ်းသာအားရနဲ့ အဲဒီ မိန်း ကလေး အိမ်ကို သူ့လိပ်စာအတိုင်း လိုက်သွားတော့... ဒီစာရှင်ဟာ (မိန်းမလျှာ) ဖြစ်နေသတဲ့ဗျာ၊ ကဲ... ကောင်းသေးလား... ဒါဟာ သက်သက်စစ်သားတွေကို လှောင်သရော် စော်ကားတာပဲ၊ အဲဒါ တွေကို ခင်ဗျားတို့ သတင်းစာတွေက နာနာကလေး ဆော်ပေးစမ်း ပါဗျာ..."

ထိုအခိုက် ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာသဖြင့် အနီးရှိ

mgyoe.com

mgyoe.com



အရပ်သားများနှင့် ရဲဘော်များပါ ကားထဲတွင် ပါလာသော ထမင်းထုပ်တောင်းများကို ကားပေါ်မှ ချနေကြ၏။

"မနုတင်... ဟိုမှာ... ဟိုမှာ... ဘောင်းဘီအိတ်လက်နှိုက်ပြီး ရပ်နေတဲ့ ရဲဘော်တွေ့လား... အဲဒါ... ဗိုလ်တောမိပဲ..."

မခင်လှဲသည် လက်ကိုင်သားရေအိတ်ထဲမှ မျက်မှန်ကို ကပျာကရာ ယူတပ်ရင်း... ဤသို့ ပြောလိုက်သောကြောင့် မနုတင်သည် မခင်လှဲ ညွှန်ပြရာသို့ စူးစိုက်ကြည့်ရှုပြီးမှ...

"သတင်းစာထဲ တွေ့ရတဲ့ပုံနဲ့ဆိုရင် လူကိုယ်တိုင်က ပိုပြီး ကျက်သရေ ရှိတယ်နော်။ ဒီလိုရုပ်ချောပြီး သဘောဖြောင့်တဲ့ ယောကျ်ားမျိုး တစ်ရာတစ်ယောက် မရှိဘူး။ ရှင်စွဲမယ်ဆိုလည်း စွဲစရာပါပဲလေ... ဘယ်မလဲ စာကော... ပေး... ပေး..."

ပိုက်ဆံအိတ်ကလေးထဲမှ စာကိုထုတ်ပေးလိုက်သော မခင်လှဲ၏ လက်ကလေးမှာ တဆတ်ဆတ် တုန်နေ၏။ လက်သာ တုန်နေသည်မဟုတ်၊ ရင်ကလေးပါ ခုန်၍ စိတ်တွေလည်း ဟုန်နေကာ... တစ်ကိုယ်လုံး ထုံသွားသည်အထိ အချစ်နတ်သည် ဖမ်းစားလိုက်၏။

"မမနု... ရောက်နေတာ ကြာပြီလား ကျွန်တော်လည်း မမနုနဲ့

mgyoe.com

mgyoe.com



တွေ့ပြီးကတည်းက ရှေ့တန်းစစ်မျက်နှာမှာ... ဝတ္တရားကျနေလို့..."

ထိုရဲဘော်၏ စကားမဆုံးမီပင် မနုတင်သည် ရဲဘော်ကလေး၏ လက်ကိုကိုင်၍ ခပ်လှမ်းလှမ်းသို့ ဆွဲခေါ်သွားပြီး...

"ကဲ မောင်ဝင်းကြိုင် ပြောစရာရှိတာ နောက်မှပဲ... ပြောကြစို့ရဲ့... လောလောဆယ် အရေးကြီးတဲ့ ကိစ္စတစ်ခုတော့ ပေါ်လာပြီ... အဲဒါ မင်း... မင်း မမနုကို ကူညီစေချင်တယ် ဘယ့်နှယ်လဲ..."

မနုတင်သည် မခင်လှဲ့၏ စာပါသော ထမင်းထုပ်ကို... ဗိုလ်တေမိ လက်ထဲသို့ ရောက်အောင် တစ်နည်းနည်းနှင့် ပို့ပေးရန်အတွက် ရဲဘော်ဝင်းကြိုင်အား အပူကပ်ရင်း မိမိတို့ အစီအစဉ်ကို အကြောင်းစုံ ရှင်းပြလိုက်သည်တွင် ရဲဘော်ဝင်းကြိုင်သည်... ထိုကိစ္စကို ဆောင်ရွက်ပေးရန် စိတ်ပါဝင်စားခြင်း မရှိလှသော အမူအရာဖြင့်...

"စောစောကပဲ ရဲဘော်အချို့ ထမင်းထုပ်တွေဖြေပြီး စာတို့ ပိုက်ဆံတို့ ရှာကြတာနဲ့ ဒေါပွပြီး ဆူပူကြိမ်းမောင်း လုပ်နေသေးတယ်... မမနုပြောသလိုတော့ မဖြစ်ဘူး ထင်တယ်ဗျာ... တော်ကြာ ကျွန်တော့်ကိုပါ ဒေါပွနေမှဖြင့်..."

ဤသို့ ရဲဘော်ဝင်းကြိုင်က အတန်တန် ငြင်းဆန်နေသည့်

mgyoe.com

mgyoe.com



တိုင်အောင် မနေတင်ကလည်း အမျိုးမျိုး ပြောဆိုတောင်းပန်တိုက် တွန်းနေပြန်သောကြောင့် အစီအစဉ်တစ်မျိုးဖြင့်၊ သဘောတူ ကျေနပ်ကြကာ နောက်ဆုံး ရဲဘော်ဝင်းကြိုင်လည်း ထိုကိစ္စအ တွက် စိတ်မပါ့တပါနှင့်ပင် လက်ခံသွားရ၏။

သတင်းထောက်များလည်း ၎င်းတို့သိလိုသော အခြေအနေ နှင့်တကွ ဓာတ်ပုံရိုက်ခြင်း ကိစ္စများပါ ပြီးစီးရရှိကြပြီ ဖြစ်သဖြင့် ဗိုလ်တေမိအား နှုတ်ဆက်ထွက်ခွာသွားကြလေရာ ဗိုလ်တေမိသည် ဂျစ်ကားတစ်စီးပေါ်၌ လက်နှစ်ဖက်ကို ဇက်တွင်ယှက်၍ ပက် လက်မှီထိုင်ရင်း တစ်စုံတစ်ရာသော တွေးကွက်တွင် လေးနက်စွာ စဉ်းစားနေသကဲ့သို့ ရှိ၏။

ထိုအခိုက် ထမင်းထုပ်များအပြည့်အမောက် ထည့်ထားသည့် တောင်းတစ်လုံးကို ထမ်းလာသော ရဲဘော်တစ်ယောက်သည် ဗိုလ်တေမိ ထိုင်နေသော ဂျစ်ကားအနီးမှဖြတ်၍ လျှောက်သွားပြီး ထိုရဲဘော်သည် တောင်းနှုတ်ခမ်းတွင် ကျလုတဲတဲ ဖြစ်နေသော ထမင်းထုပ်ကို လက်နှင့်မေးထိန်းရာမှ ဗိုလ်တေမိရှေ့သို့ ရောက် သည်နှင့် ထိုထမင်းထုပ် ကိုင်ထားသော လက်တစ်ဖက်ကို ရုတ် တရက် လွှတ်လိုက်သဖြင့် ထမင်းထုပ်လည်း မြေပေါ်သို့ တစ်မှ

mgyoe.com

mgyoe.com



ဟုတ်ချင်း... ကျသွားတော့၏။

"ဟော့... ရဲဘော်။ ထမင်းထုပ် ကျနေခဲ့ပြီ..."

ဗိုလ်တေမိသည် နောက်သို့ ကိုင်းကိုင်းမှိုရင်း ထိုင်နေရာမှ ရှေ့သို့ ခပ်မတ်မတ်ထိုင်ရင်း ဤသို့ လှမ်းပြောလိုက်သည်တွင် တောင်းထမ်းလာသော ရဲဘော်သည် ဗိုလ်တေမိပြောလိုက်မှ ထမင်းထုပ်ကျနေခဲ့မှန်း သိရသကဲ့သို့သော အမူအရာဖြင့် လှည့်ကြည့်လိုက်ပြီး... ပြုံးဖြဲဖြဲ အမူအရာဖြင့်...

"လမ်းတစ်လျှောက်လုံး မကျဘဲ၊ ဗိုလ်ကြီးရှေ့ရောက်မှ ကျတယ်ဆိုတော့... ဒီထမင်းထုပ်ဟာ ဗိုလ်ကြီးနဲ့ ထိုက်လို့ဖြစ်မှာပဲ ဗိုလ်ကြီးပဲ ယူထားလိုက်ပါတော့ဗျာ... ဖူးစာရှင်ရွေးတဲ့စာပါချင် ပါနေမှာ... ဗိုလ်ကြီးရဲ့..."

ထိုအချိန်၌ ဗိုလ်တေမိမှာ... ကားပေါ်မှ ဆင်း၍ ထမင်းထုပ်ကို ကောက်ပြီး ထိုရဲဘော်အား လိုက်ပေးမည်ပြုနေသည်ဖြစ်ရာ ရဲဘော်လည်း ရပ်စောင့်မနေတော့ဘဲ အထက်ပါအတိုင်း ပြောပြော ဆိုဆို ထွက်သွားသောကြောင့်...

"ဟော့... ဝင်းကြိုင် နေဦး ဒီထမင်းထုပ်ယူသွားလေ... နေရာ တကာ ရွှတ်တဲ့ ခွေးကောင်ကလေးပဲ..."

mgyoe.com

mgyoe.com



ဗိုလ်တောမိ ဤသို့ လှမ်းပြောနေသည့်တိုင်အောင် ရဲဘော်ဝင်းကြိုင်ကား ရပ်နားခြင်းမပြု သွားမြဲ သွားနေရာမှ...

"ဗိုလ်ကြီးပဲ စားလိုက်ပါတော့ ဗိုလ်ကြီးရာ... စာပါရင်တော့ ကျွန်တော့်ကို ပေးနော်..."ဟုပင် အရွှန်းကလေးနှော၍ ပြောဆိုထွက်ခွာသွားသောကြောင့်... ဗိုလ်တောမိလည်း ထမင်းထုပ်ကိုင်ရင်းကားပေါ်တွင် ပြန်ထိုင်လိုက်၏။

"ကဲ... မရွှေလှဲ့... မမ ကြံရင်ခံနိုင်ရိုးလား... ရှင်မြင်တဲ့အတိုင်းပဲ... အကြံပိုင်သော မယ်ခွေးရှင့် သိရဲ့လား..."

ကုက္ကိုပင်ကြီးအောက်မှ မယောင်မလည် ကြည့်နေကြသော မနုတင်နှင့် မခင်လှဲ့သည် ဗိုလ်တောမိနှင့် ရဲဘော်ဝင်းကြိုင် ၎င်းတို့ဆင်ထားသော ဇာတ်ကွက်အတိုင်း ကပြအသုံးတော်ခံသွားသည်၏ အဖြစ်ကို နှစ်ထောင်းအားရ သဘောအကျကြီး ကျသွားရာမှ... မနုတင်သည် အထက်ပါအတိုင်း ပြောလိုက်၏။

မနုတင်ပင်... ဤမျှ ဝမ်းမြောက်ရွှင်မြူးနေသည်ဖြစ်လျှင် မခင်လှဲ့ကား ပြောဖွယ်ရာမရှိတော့ပေ။ မခင်လှဲ့ ပါးစပ်မှမူ တစ်စုံတစ်ရာ ဘာစကားမျှ ထွက်မလာသော်လည်း မျက်နှာထား အမူအရာမှာ တစ်သက်တွင် တစ်ကြိမ်သာ ကြုံလိုက်ရသော ဝမ်းသာ

mgyoe.com

mgyoe.com



ခြင်းမျိုးဖြင့် ဝမ်းသားလုံးဆို့နေသည့်အသွင် တစ်မျက်နှာလုံး ရွှင်နေတော့၏။

* * *

မခင်လှဲ့၏ မိဘနှစ်ပါးမှာ လယ်မြေဧက တစ်ထောင်ကျော်ပိုင်ဆိုင်သူများဖြစ်သည့်ပြင် စစ်ပြီးခေတ်တွင်မှ တည်ထောင်ကြသော ဗမာကုမ္ပဏီအချို့တွင်လည်း အစုရှယ်ရာ ငွေပေါင်း တစ်သိန်းကျော် ပါဝင်ထားသူများ ဖြစ်၏။ ညှိရွှေ့ညှိမျှ ချမ်းသာကြွယ်ဝသူများဖြစ်စေကာမူ... ငွေကြေးကိစ္စနှင့် ပတ်သက်၍ အလွန်စေ့စပ်သူများဖြစ်သည့်အတိုင်း အစေခံများအပေါ်တွင်ပင် အလွန်ကျပ်တည်းသော စည်းကမ်းများဖြင့် ချုပ်ချယ်လေ့ရှိသောကြောင့် ခြောက်လပြည့်အောင် တည်မြဲသော အစေခံဟူ၍ မရှိသလောက်ပင် ဖြစ်ခဲ့၏။

မခင်လှဲ့တို့ သောင်းကျန်းသူများလက်သို့ မကျရောက်မီ သုံးလေးရက်ခန့်ကပင် မခင်လှဲ့ မိဘများခေါ်ယူ ငှားရမ်းထားခဲ့သော အစေခံလင်မယားနှစ်ယောက်သည်လည်း မခင်လှဲ့ မိဘများ၏ စီးစီးပိုးပိုးနိုင်မှုကြောင့် အလုပ်မှ နုတ်ထွက်သွားကြ၏။ ထိုနေ့

mgyoe.com

mgyoe.com



က အစေခံနှစ်ယောက်အား လစာရှင်းပေးရာတွင်… ထိုအစေခံများကြောင့် တစ်လအတွင်း ကြွေဇွန်းသုံးချောင်းကျိုးသွား၍ မခင်လှဲ့မိခင်ကြီးသည် လစာရှင်းပေးစဉ် ထိုကျိုးသွားသော ဇွန်းသုံးချောင်းအတွက်ဟုဆိုကာ လစာထဲမှ ပိုက်ဆံသုံးမတ်ဖြတ်ယူလိုက်၏။ ထိုမျှ ကပ်ကပ်စီးစီးနိုင်မှုကြောင့်လည်း အစေခံများမှာ ကြာကြာမမြဲဘဲ တစ်လတစ်ဦးဆိုသလို လူသစ်လဲနေရသည်ချည်း ဖြစ်၏။

ဤကဲ့သို့သော နိုင်ထက်စီးနင်း စည်းကမ်းကြီးမှုကို မခင်လှဲ့သည် အလွန်ရွံမုန်းခဲ့သူ ဖြစ်၏။ သို့အလျောက်လည်း မခင်လှဲ့သည် သူ့မိဘများအား အမြဲလိုလိုပင် အတိုက်အခံ လုပ်ခဲ့၏။ မည်သို့ပင်အတိုက်အခံ လုပ်စေကာမူ မခင်လှဲ့ မိဘများသည် အစေခံများကိစ္စ၊ အခြား သူစိမ်းတစ်ရံဆံများ ကိစ္စဆိုလျှင် မည်သည့်အခါမျှ မခင်လှဲ့အား အနိုင်ပေးလေ့မရှိခဲ့ပေ။

သို့သော် မခင်လှဲ့၏ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက်ဆိုလျှင်ကား မခင်လှဲ့၏ တောင်းဆိုချက်ကို လွယ်လွယ်နှင့်ပင် လိုက်လျောလေ့ရှိလေသည်။ ဥပမာအားဖြင့် စုတ်ပြဲညစ်ပတ် အဖာအထေး အထပ်ထပ် ဖြစ်နေရှာသော မာလီကုလားအား ရှပ်အင်္ကျီတစ်ထည်လောက် ဝယ်ပေးရန် မခင်လှဲ့ကပြောလျှင် သူ့မိဘများ

mgyoe.com

mgyoe.com


သည် အပြင်းအထန် ငြင်းတတ်၏။ မခင်လှဲက စိန်ဘယက်လုပ်ပေးပါဟု ပူဆာလျှင်မူ ရှောရှောရှူရှူလုပ်ပေးတတ်၏။ မခင်လှဲမိဘ၏ တွက်ကိန်းမှာ... မာလီအား အကျီဝယ်ပေးသော်... ထိုငွေသည် လုံးလုံးဆုံး၍ မခင်လှဲအား စိန်ဘယက်လုပ်ပေးခြင်းသည် ဆုံးရှုံးခြင်းမမည်ဘဲ မိမိပစ္စည်းသာ ဖြစ်သည်ဟူသော တွက်ကိန်းမျိုး ဖြစ်၏။

ရပ်ကိစ္စ၊ ရွာကိစ္စနှင့်ပတ်သက်၍ အလှူခံလာလျှင်လည်း တစ်ပဲတစ်မူးထက် ပို၍ မထည့်ချင်၊ တစ်ခါတစ်ရံ တစ်ကျပ်လောက် ထည့်လိုက်ရသည်ကိုပင် ပြောမပြီးနိုင် ညည်းနေတတ်၏။ ထို့ကြောင့်လည်း အရေးဆိုလျှင် သူတို့အား ကူညီမည့်သူ ပေါ်မလာ... တော်ရာသို့ ရှောင်နေတတ်ကြ၏။ အခြွေအရံဆိုသည်မှာ ခြွေနိုင်မှ ရံသည်ကို သဘောမပေါက်၊ သိလည်းမသိ။ ငွေရှိလျှင် ဘာမဆိုဖြစ်နိုင်သည်ဟုသာ လှေနံဓားထစ် ယူဆထား၏။ ထို့ကြောင့်ပင် တစ်ခါက မခင်လှဲ ဦးလေးတော်တစ်ယောက် အနိစ္စရောက်ရာတွင် လူနှစ်ယောက်လောက်သာ အလောင်းစောင့်သူရှိခဲ့၏။ ထိုနှစ်ယောက်မှာလည်း သူတို့ အစေခံများသာ ဖြစ်၏။

ယခုသော်ကား... တိုက်ပွဲဖြစ်စဉ်က တွေ့ကြုံလိုက်ရသော

mgyoe.com

mgyoe.com



လောကကြီး၏ သင်္ခါရ သဘောတရားကို ဘယ်ဘုန်းကြီးမှ မဟော ကြားရဘဲနှင့် အသည်းထဲက သိသွား၏။ သတိလည်းရ၊ နောင်တ လည်းပေါ်... အတော်ကလေး မူပြောင်းသွား၏။ တိုက်ပွဲမဖြစ်မီ လေးငါးရက်ကတည်းက အခြေအနေမကောင်းသဖြင့် တစ်နေ ရာရာသို့ပြောင်းရန် မခင်လှဲ့ သတိပေးခဲ့သည်ကို စရိုတ်ကုန်မည် စိုး၍ ငြင်းခဲ့၏။ ပက်ပင်း... လက်ငင်း သေကွင်းနှင့် ကြုံလိုက်ရမှ ငွေဆိုသည်မှာ ကုန်သင့်လျှင် ကုန်ရသည့်အရာဝတ္ထုပါတကားဟု အမှားနှင့်အမှန်ကို သိလာ၏။

ဤသည်မှစ၍ မခင်လှဲ့ မိဘနှစ်ပါးမှာ ဘုရားသွား ကျောင်း တက်ဖြင့် အကောင်းဘက် စိတ်ဝင်ကာ အမြင်မှန်ရလာ၏။ အလှူ ဒါနတွင်လည်း... မူလကထက် ရက်ရောလာ၏။ ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသောကြောင့်လားမသိ၊ စစ်ပြေးဒုက္ခသည် ရန်ပုံငွေ သို့ ၅၀၀၀ိ တိတိ ထည့်ဝင်လှူဒါန်းလိုက်ရသဖြင့် မခင်လှဲ့ပင် ရုတ်တရက် တုန်လှုပ်သွားသေး၏။ ထိုနေ့ထိုရက်မှစပြီး အမြော် အမြင်ရှိ၍ ပိုရိုလိမ္မာသော မခင်လှဲ့အား ငွေရေး၊ ကြေးရေးပါ တာ ဝန်လွှဲပြီး မခင်လှဲ့ မိဘနှစ်ပါးမှာမူကား ဒါန... သီလ... ဘာဝနာ... ဤသုံးဖြာသော ကိစ္စတွင်သာ အချိန်ဖြုန်းလျက် ရှိနေကြတော့၏။

mgyoe.com

mgyoe.com



"အို... သမီးဟာ စဉ်းစားတတ်တဲ့အရွယ်ပဲ၊ နက်ဖြန်သန်ဘက်ဆိုရင်... အသက် ၂၀ ပြည့်တော့မယ်... သမီးကောင်းမယ်ဆိုရင်... ဘာမဆိုလုပ် ဖေဖေတို့ ခွင့်ပြုတယ်... ကောင်းရင် စံရမယ်... မကောင်းရင် သမီးခံ ဒါပဲရှိတယ်။ အေး... ဘာပဲဖြစ်ဖြစ် စဉ်းစဉ်းစားစား လုပ်ပေါ့ သမီးရယ်... အိမ်ထောင်ရေးကိစ္စဆိုတာ သမီးတို့လို မိန်းကလေးတွေအဖို့ တစ်သက်မှာ တစ်ကြိမ်သာရတဲ့ ဇရာမအခွင့်အရေးပဲ။ အဲဒီအခွင့်အရေးကို သုံးတဲ့နေရာမှာ လိမ္မာရင် လိမ္မာသလို အကျိုးရှိမယ်... ဒီတစ်ချက်မှားရင် ဒီတစ်သက်သွားရော အဲဒါ မြဲမြဲမှတ်..."

မခင်လှဲ့သည် သူ၏ အိမ်ထောင်ရေးကိစ္စနှင့် ပတ်သက်၍ မိမိသဘောကျ ရွေးချယ်ခွင့်ပြုပါမည့်အကြောင်း သူ့မိဘများထံ တောင်းဆိုခဲ့ရာ၌ သူ့မိဘများကလည်း အထက်ပါစကားများဖြင့် ဆုံးမကာ ခွင့်ပြုခဲ့၏။ သို့အလျောက်လည်း မခင်လှဲ့သည် ဗိုလ်တေမိအား အသက်သခင်အဖြစ်ဖြင့် ကျေးဇူးဆပ်သည့်ပမာ ဖူးစာဖက်ရွေးကာ မနုတင်နှင့် တိုင်ပင်စီစဉ်ခဲ့ခြင်းဖြစ်၏။

သို့တိုင်ပင် စီစဉ်ခဲ့သည့်အတိုင်းလည်း မခင်လှဲ့၏ စာပါသော ထမင်းထုပ်ကို ဗိုလ်တေမိလက်ထဲရောက်သည်အထိ အထမြောက်

mgyoe.com

mgyoe.com



အောင်မြင်ခဲ့ပြီဖြစ်ရာ တစ်ချက်တီးအချိန်လောက်တွင် အိမ်ပြန်ရောက်ခဲ့ကြ၏။ မနုတင်၏ အဒေါ်နှင့်အတူ မခင်လှဲ့ မိဘနှစ်ပါးမှာလည်း ဘုရားတွင်သာ နေ့စဉ် အချိန်ကုန်လေ့ ရှိကြသောကြောင့် မခင်လှဲ့တို့နှစ်ယောက်သာ အိမ်တွင်ရှိနေသဖြင့် ပြောဆိုရယ်မောအတောမသတ် လွတ်လွတ်လပ်လပ်ကြီး အူရွှင်နေကြ၏။

မခင်လှဲ့သည် ခုတင်ပေါ်တွင် ပက်လက်ကလေးလှန်၍ တစ်စုံတစ်ရာသော အတွေးကြောတွင် ပီတိတွေ ဒလဟောဖြင့် အမျောကြီး မျောနေ၏။

"ဟော့… လှဲ့… ဘာများ စဉ်းစားနေတာလဲ။ ဒီနေ့ စစ်ဝန်ကြီးနဲ့သွားတွေ့ရမယ်… ယူနီဖောင်းအသစ်ထုတ်ပြီး ပခုံးဒေါက်တွေတံဆိပ်တွေပြောင်းတပ်ပေးပါဦး… လှဲ့ရဲ့…"

မနုတင်သည် ဤသို့ပြောရင် နဖူးပေါ်လက်တင်၍ စိတ်ကူးယဉ်နေသော မခင်လှဲ့အား ဘာဘယ်လို ပြုမူလိုက်သည်မသိ… မခင်လှဲ့သည် မနုတင်၏ လက်နှစ်ဖက်ကို ပုတ်ဖယ်လိုက်ပြီး ရင်ညွှန့်ကလေးနှစ်ဖက်ကို လက်ယှက်၍ အုပ်ထားရာမှ…

"အို… မနုတင်ကလည်းကွယ်၊ လူ့ကို ကြက်သီးမွေးညင်းထသွားတာပဲ၊ အလိုလိုက ရင်ထဲ တလှပ်လှပ် ဖြစ်နေရတဲ့အထဲမှာ

mgyoe.com

mgyoe.com



သိပ်နောက်တာပဲ…"

မခင်လှဲ ဤသို့ပြောလိုက်သော စကားအဓိပ္ပာယ်မှာ မကျေနပ်သည့်လေသံမျိုး ပါနေသော်လည်း အမူအရာကား အတော်ကလေး သဘောကျသွားသကဲ့သို့ နွဲ့သလို ကြွသလို တစ်မျက်နှာလုံး ချိုနေ၏။

"အောင်မာ… မချော… ဒါမျိုးဆိုတာ ပွဲမဝင်ခင် အပြင်က ကျင်းပထားရတယ်… နားလည်လား… ဒါ… ပဏာမရှိသေးတယ်… နေဦး… ကိုယ်ပြမယ်… ဟိုဘက်တိုး…"

မနုတင်လည်း ခုတင်ပေါ် လှမ်းတက်ပြီး မခင်လှဲအား တစ်စုံတစ်ရာ ပြုမူလိုက်သောကြောင့်…

"အို… ရှင်… မနုတင်… ကြည့်ပါလား… ဩော်…" ဟု မခင်လှဲသည် ပြောရင်းအော်ရင်း၊ ရုန်းရင်း၊ ကန်ရင်းနှင့်ပင် လုံချည်ကို ကပျာကသီ ပြင်ဝတ်၍ ခုတင်ပေါ်မှ ဆင်းပြေးရ၏။

ထိုအချိန်၌ ဂျစ်ကားကလေးတစ်စီးသည် လမ်း ၅၀ အတွင်းသို့ ခပ်ပြင်းပြင်းကလေး မောင်းဝင်လာရာမှ လမ်းလယ်လောက်ရောက်သည်နှင့် အရှိန်သပ်၍ ရပ်တော့မည်ကဲ့သို့ တုန့်ခနဲ ဆိုင်းသွား၏။ ကားမောင်းလာသူမှာ စစ်ဗိုလ်တစ်ယောက်ဟု ထင်ရ

mgyoe.com

mgyoe.com



လျက် ဤကဲ့သို့ ကားရှိန်သပ်လိုက်သည်မှာလည်း ၎င်းကားရှေ့ မလှမ်းမကမ်းတွင် အသိအိမ်ရှာသကဲ့သို့ ဟိုကြည့်သည်ကြည့်နှင့် လျှောက်သွားသော စစ်ယူနီဖောင်းဝတ်ထားသည့် ရဲဘော်တစ်ယောက်ကို တွေ့ရသောကြောင့် စစ်ဗိုလ်လည်း ထိုရဲဘော်အား မသင်္ကာသည့်အသွင်ဖြင့် အကဲခတ်ကြည့်ရင်း ကားကို ဖြည်းဖြည်း လိုမ့်မောင်းလျက် ရှိ၏။

လမ်းလျှောက်သွားသော ရဲဘော်သည် နှစ်ထပ်တိုက်ကလေး တစ်လုံးသို့ ရောက်သောအခါ တစ်ချက်မျှသာ မော့ကြည့်ပြီး တိုက်ပေါ်သို့ လှမ်းတက်သွားရာ... စစ်ဗိုလ်လည်း ကားကိုရပ်၍ ၎င်း ရဲဘော်တက်သွားသည့် လှေကားဆီသို့ ခပ်သွက်သွက် လှမ်းသွားပြီး အရိပ်အခြည်ကို စောင့်ကြည့်နေ၏။

ပထမတက်သွားသော ရဲဘော်သည် အပေါ်ထပ်သို့ရောက်၍ မကြာမီ အခန်းတစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေရာ စစ်ဗိုလ်လည်း ချက်ချင်း တက်လိုက်သွားပြီး အခြားတစ်ဖက်ခန်း တံခါးကို ခေါက်လိုက်သဖြင့် မကြာမီ တံခါးပွင့်လာသည်၌ အိမ်ရှင်ဖြစ်သူအား စစ်ဗိုလ်သည် လက်ညှိုးဖြင့် နှုတ်ခမ်းကို ကန့်လန့် ဖြတ်ထောင်ပြရင်း တိုးတိုး... ဟူသော လက္ခဏာဖြင့်...

mgyoe.com

mgyoe.com



"ဟိုဘက်ခန်းကို ရဲဘော်တစ်ယောက် ဝင်သွားတယ်။ မသင်္ကာလို့ လိုက်ချောင်းတာ၊ ကျွန်တော် စစ်ဗိုလ်ပါ။ မကြောက်ပါနဲ့။ တစ်ဆိတ်လောက် ဒီအခန်းကနေပြီး ဘာပြောတယ် ဘာလုပ်တယ်ဆိုတာ ချောင်းပြီး နားထောင်ခွင့်ပြုစေချင်တယ်" ဟု ခပ်အုပ်အုပ်ပြော၍ တောင်းပန်လေရာ အိမ်ရှင်က ကျေကျေနပ်နပ် ခွင့်ပြုလိုက်သဖြင့် စစ်ဗိုလ်လည်း ဖိနပ်ချွတ်၍ ဧည့်ခန်းရှိ တစ်ဖက်ခန်းနှင့် ခြားထားသော ထရံတွင် ကပ်၍ နားစွင့်နေ၏။ စစ်ဗိုလ်လည်း ထိုမျှနှင့် အားရပုံ မပေါ်သေးဘဲ အိမ်ရှင်အား ခေါ်၍ တစ်ဖက်ခန်းသို့ မြင်နိုင်မည့် အပေါက်ကလေးများ ရှိ၊ မရှိ မေးမြန်းသည်တွင်... အိမ်ရှင်ဖြစ်သူက ထရံတွင် ချိတ်ထားသော ဓာတ်ပုံတစ်ခုကို ဖြုတ်ပေးလိုက်ပြီး... ထိုဓာတ်ပုံနောက်ရှိသော ရွေးစေ့ခန့် အပေါက်ကလေးကို ညွှန်ပြလိုက်သောကြောင့် စစ်ဗိုလ်လည်း ထိုအပေါက်ကလေးမှ တစ်ဖက်ခန်းသို့ စူးစိုက်ကြည့်ရှုနေ၏။

တစ်ဖက်ရှိ ဧည့်ခန်းတွင် ထိုင်နေကြသူများမှာ မခင်လှဲ့၊ မနုတင်နှင့် စောစောက တက်သွားသော ရဲဘော်တစ်ယောက်ဖြစ်လျက် မခင်လှဲ့တို့ နှစ်ယောက်သည် ရဲဘော်အား သေသေချာချာ အကဲခတ်နေပြီးမှ...

mgyoe.com

mgyoe.com



"ရဲဘော် ဘယ်က လာတာလဲ ကိစ္စက..."

မနုတင် ဤသို့မေးလိုက်သည်နှင့် ရဲဘော်မှာ၊ အနည်းငယ် တုန်လှုပ်သလို ဖြစ်သွားပြီး... မျက်နှာမထားတတ်အောင် ရှက်သလို အမူအရာမျိုး ပေါ်လာကာ...

"စစ်စခန်းက လာတာပါ... လှဲ... ဆိုတာနဲ့ တွေ့ချင်လို့..."

ထိုစကားကြားလိုက်ရသည်နှင့် မခင်လှဲမှာ တွေတွေကြီး ဖြစ်သွားလျက်... မနုတင်အား တစ်ချက်လှမ်းကြည့်လိုက်သေး၏။ ပြီးမှ...

"လှဲ... ဆိုတာ ကျွန်မပါပဲ... တွေ့ချင်တဲ့အကြောင်းက..."

မခင်လှဲက ပြောပြောမေးမေးနှင့် တစ်စုံတစ်ရာကို တွေးနေ၏။ ဗိုလ်တေမိက လွှတ်လိုက်သော ရဲဘော်ဖြစ်နေလေမည်လားဟုလည်း စဉ်းစားမိ၏။ ရဲဘော်မှာမူ ထိုစကားကြားရသည်နှင့် ဦးခေါင်းကလေး ငုံ့သွားကာ...

"လှဲ... ဆိုတဲ့ နာမည်နဲ့ စာတစ်စောင် ထမင်းထုပ်ထဲကရလို့ လာခဲ့တာပါ..."

သို့ ဖြေလိုက်သော ရဲဘော်၏ အသံမှာ ပြေပြေပြစ်ပြစ် မရှိ။ ထစ်ထစ်ငေါ့ငေါ့ ထွက်လာ၏။ မခင်လှဲရော မနုတင်ပါ ပြူးတူး

mgyoe.com

mgyoe.com



ပြဲတဲနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကြက်သေ သေနေကြ၏။

“သြော်... သြော်... လဲ့ နာမည်ပါတဲ့စာကို ရဲဘော်ရလို့ လာ တာကိုးနော်... ဒါနဲ့ ရပုံရနည်းကလေးကော မသိရဘူးလားရှင်...”

ရဲဘော်သည် ရုတ်တရက် ခေါင်းမော်လာကာ မနုတင်အား ကြည့်နေရာမှ မခင်လဲ့ဘက်သို့ မျက်လုံးတစ်ချက် ကစားလိုက်ပြီး...

“စာရပုံရနည်းကတော့ ဒီလိုပါ။ ညက တစ်ညလုံး အိပ်ပျက် တာနဲ့ မနက်က ၁၂ နာရီခွဲလောက်ကျမှ နိုးပါတယ်။ နိုးနိုးချင်းပဲ ထမင်းထုပ်တစ်ထုပ်ယူပြီး သစ်ပင်အောက်မှာ ထိုင်စားနေတုန်း... ဗိုလ်ကြီးတေမိ ရောက်လာပါတယ်...”

မခင်လဲ့မှာ ထိုစကားကြားရမှ ပိုမိုစိတ်ဝင်စားစွာ နားစွင့်လိုက် ပြီး မျက်နှာထားလည်း ကြည်ကြည်လင်လင် ဖြစ်လာ၏။

“ဗိုလ်ကြီးတေမိက ကျွန်တော်စားနေတဲ့ ထမင်းထုပ်ကို သေသေချာချာ ကြည့်ပြီး...”

(ဟော့... ရဲဘော်... ရော့... ရော့၊ ဒီထမင်းထုပ်ပါ ယူစား... အထုပ်က ဆီယိုနေပုံထောက်တော့ ဟင်းကောင်းပါလိမ့်မယ် ထင် တယ်) တဲ့။

mgyoe.com

mgyoe.com



"အဲသလို ပြောပြီး သူ့လက်ထဲပါလာတဲ့ ထမင်းထုပ်တစ်ထုပ် လှမ်းပေးသွားတယ်။ ပထမ ကျွန်တော် ဖြေစားနေတဲ့ ထမင်းထုပ်ထဲမှာ ပဲပြုတ်တစ်မျိုးပဲ ပါတယ်။ ဆီကလေး ဆားကလေးတောင် မပါဘူး... ခြောက်ကပ်ကပ်နဲ့မို့... ဒါကို ဗိုလ်ကြီးမြင်ပြီး ကရုဏာသက်သွားဟန် တူတာပဲ...

မခင်လှဲ့သည် မနုတင်အား လှမ်းကြည့်လိုက်၏။ မနုတင်လည်း မခင်လှဲ့အားစောင်း၍ အကဲခတ်လိုက်၏။ မျက်စိချင်းဆုံသွားသော သူတို့နှစ်ယောက်၏ အမူအရာမှာ နှစ်ဦးစလုံးအဖို့ အဓိပ္ပာယ်ပါလှတော့၏။

"ကျွန်တော်လည်း ဗိုလ်ကြီးပေးခဲ့တဲ့ ထမင်းထုပ်မှာ ဆီကလေး စိမ့်နေတာနဲ့ ကြက်သားလား... ဝက်သားလားဆိုပြီး ကမန်းကတန်း ဖြေလိုက်တော့ စာတစ်စောင် ထွက်လာတယ်။ ဟင်းကလည်း ငါးဆီပြန် ကြဲကြဲဖန်ဖန် ကံကောင်းချင်လို့ပဲ..."

မခင်လှဲ့ကား ခေါင်းငိုက်ဆိုက် ကျသွားလေတော့၏။ မနုတင်မှာလည်း ဆန်းကြယ်လှသော ဖြစ်ပျက်ပုံကို အံ့ဩရင်း စကားပင်မပြောနိုင်အောင် ငေးမောတွေဝေသွားတော့၏။

"စာကိုလည်း ဖွင့်ဖတ်လိုက်ရော... လှဲ့ ဆိုတဲ့ နာမည်နဲ့

mgyoe.com

mgyoe.com



ဖူးစာရှင်ရွေးတဲ့ စာဖြစ်နေတာ တွေ့တာနဲ့ စာထဲပါတဲ့ လိပ်စာ အတိုင်း လိုက်လာတာပါပဲ..."ဟု ရဲဘော်သည် စကားအဆုံးသတ် ပြီး ထွေထွေဆန်းဆန်း အဓိပ္ပာယ်မှန်းမရနိုင်အောင် ဖြစ်ပျက်နေကြ သော မိန်းမပျိုနှစ်ယောက်၏ အမူအရာကို အကဲခတ်နေ၏။

"ကြားရတာတော့... ဝမ်းသာစရာချည်းပါပဲ၊ ရဲဘော်ရယ်... ဖူးစာဆုံချင်လို့ ကြံကြံဖန်ဖန် ကြုံရတာပေါ့... ဒါနဲ့... ရဲဘော်က လူပျိုပဲနော်... မိဘနဲ့ မျိုးရိုးဇာတိကကော..."

"မိဘကတော့ လယ်သမား လူတန်းစားထဲကပါပဲ၊ ကျွန် တော်လည်း လူပျိုအစစ်ပါ၊ ဇာတိက အထက်ဗမာပြည် ရွှေဘိုနယ် က ဆိုပါတော့..."

"သြော်... သြော်... စစ်သူရဲကောင်းတွေ အများဆုံးထွက်တဲ့ နယ်ကပေါ့... ကောင်းပါလေ့ရှင်... ကောင်းပါလေ့..."

မနုတင်သည် ဤသို့ပြောရင်း မခင်လှဲ့အား မကြာခဏ လှမ်း ကြည့်၏။ မခင်လှဲ့မှာမူ ထူထူပူပူ လူမိခံရသော သူခိုးကဲ့သို့ ရှိုး တိုးရှန့်တန့် အနေရကျပ်နေရှာ၏။

"ကောင်းပါပြီလေ... ရဲဘော်ရဲ့ အမည်နဲ့ လိပ်စာကလေးသာ ပေးခဲ့ပါနော်... ဒီက လူကြီးတွေလည်း ဘုရားသွားနေကြလို့...

mgyoe.com

mgyoe.com



နောက်မှပဲ ကြည့်စီစဉ်ကြတာပေါ့... ဒီက အကြောင်းကြားလိုက်ပါ့မယ်..."

မနုတင်က သွက်သွက်လက်လက်နှင့် အချက်ကျကျ ပြောလိုက်သောကြောင့် ရဲဘော်မှာလည်း မိမိ၏ ဖူးစာရှင်ဖြစ်သော မိန်းမချောကလေးတစ်ယောက်ရှေ့၌ ထိုင်နေရသည်ကိုပင် ရှက်သလိုလို အနေရကျပ်သည်ဟု ယူဆ၍လားမသိ၊ ရဲဘော် လောဥ ဟူသော အမည်နှင့် လိပ်စာကို ရေးပေးခဲ့ပြီး နှုတ်ဆက် ထွက်ခွာသွား၏။

ထိုရဲဘော်ကလေး ဆင်းသွား၍ အတော်ကြာသည့်တိုင်အောင် တစ်ဖက်ခန်းမှ ချောင်းမြောင်းနားထောင်နေသော စစ်ဗိုလ်ကား ရုတ်တရက် ထွက်မသွားသေးဘဲ ဆက်လက်၍ နားထောင်မြဲပင် နားထောင်နေ၏။

"ကျွန်မတော့ လဲသာသေလိုက်ချင်တော့တာပဲ မခင်လှဲ့ရယ်... ဒါလောက် သေချာပေါက် လုပ်တာတောင်မှ ကြဲဖန်ပြီး လွဲရတာ... ကျွန်မဖြင့် အံ့သြလို့ မကုန်တော့ဘူး..."

မနုတင်သည် မခင်လှဲ့အား ဖက်၍ အလွန်အလွန် ယူကျုံးမရသကဲ့သို့ ပြောလိုက်သော်လည်း မခင်လှဲ့မှာ တစ်စုံတစ်ရာ ဘာမျှ

mgyoe.com

mgyoe.com



ပြောဆိုခြင်းမရှိဘဲ စားပွဲပေါ်တွင် လေမွှေ့သဖြင့် တရွေ့ရွေ့ လှုပ်နေသော ရဲဘော်... လောဥ၏ လိပ်စာကလေးကို ငေးစိုက် ကြည့်ရှုနေ၏ ။

“စိတ်မကောင်းဘူး မခင်လှဲ့၊ ကျွန်မ နည်းနည်းကလေးမှ စိတ်မကောင်းဘူး။ ထိုင်နေအကောင်းသား ထသွားမှ ကျိုးမှန်းသိဆိုတာလို ကျွန်မ ဆတ်ဆော့လို့ ဖြစ်ရတာပဲ အဲဒီတော့...”

“ဖြစ်သမျှအကြောင်းပေါ့ မနုတင် ဘယ်တတ်နိုင်မှာတုန်း... မနုတင်ကလည်း စေတနာကောင်းနဲ့ ဆောင်ရွက်ပေးတာ ကျွန်မအသိ၊ ဒီအထဲက မမျှော်လင့်ဘဲ ဖြစ်သွားတာတော့ ကျွန်မ ကုသိုလ်ပေါ့ရှင်။ ဗိုလ်တေမိနဲ့ လွဲချင်လို့ ဗိုလ်တေမိဟာ ကျွန်မရဲ့ ဖူးစာရှင် မမှန်လို့သာ ဒီလို တွေ့လွဲလွဲရတာပေါ့... မနုတင်...”

မခင်လှဲ့သည် မထူးတော့သည့် မိမိဘဝအတွက် ဖြစ်သမျှနှင့်သာ ကျေနပ်ရောင့်ရဲတော့မည်အတွက် ပြောဆိုနေရာ။

“ရှင့်စာပါတဲ့ ထမင်းထုပ်ဟာ ဗိုလ်တေမိ လက်ထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် တပင်တပန်း ကြိုးစားရပြီးမှ ခုလိုဖြစ်ရတော့ စိတ်ကောင်းနိုင်စရာ ဘယ်ရှိတော့မလဲ။ ဒါပေမဲ့ စိတ်မကောင်းမဖြစ်ပါနဲ့ မခင်လှဲ့ရယ်... လက်မလွန်သေးပါဘူး...”

mgyoe.com

mgyoe.com



မခင်လှဲသည် မနုတင်ပြောလိုက်သော ထိုစကားကြောင့် ဖျတ်ခနဲ မော့ကြည့်တဲ့ကာ...

"ဘာပြောတယ်... မနုတင်... လက်မလွှန်သေးဘူး ဟုတ်လား... ဘာအဓိပ္ပာယ်လဲ ရှင့်စကားက..."

"ဒီလိုလေ... ရှင့်စာကို ရဲဘော်လောဥရသွားတယ် မဟုတ်လား... ဒါပေမဲ့ သူ့ကို ရှင်ယူချင်မှ ယူ၊ မယူချင်နေနိုင်တယ်... ဒါကို ပြောတာပါ..."

မခင်လှဲ အဖြေမပေး တွေတွေကလေး ငေးပြီး ဘောပြတင်းပေါက်ရှိ လေမြူးသဖြင့် တလူးလူး လွှန့်နေသော ကြည်ပြာရောင် ခန်းဆီးကလေးကို စူးစိုက်ရင်း... စဉ်းစားနေ၏။

"ရှင့်သဘောတော့ မပြောတတ်ဘူးလေ... ရဲဘော်လောဥဟာ ရှင့်ဖူးစာရှင် အဖြစ်မျိုးရောက်နေပေမဲ့... ရှင်နဲ့ ရဲဘော်လောဥနဲ့ ဖူးစာဖက်ဖို့ကိုတော့ ဘယ်နည်းနဲ့မှ ကျွန်မသဘောမတူနိုင်ဘူး။ ရှင်က အချိုးကျကျနဲ့ လှပြီးချောတဲ့ မိန်းကလေး။ ဟိုရဲဘော်လောဥကတော့ အသားမည်းမည်း၊ မျက်လုံးပြူးပြူး၊ ပုပုကွကွနဲ့ ဘယ်လိုမှ အချိုးမကျတဲ့ အညာသား"

"အို... တော်ပါ မနုတင်ရယ်... စာတစ်စောင်လုံး သူ့လက်ထဲ

mgyoe.com

mgyoe.com


ရောက်နေတဲ့ဟာ... မယူချင်လို့ကော... ဘာတတ်နိုင်ဦးမှာလဲ...”

“ဒါက အလွယ်ကလေးပါ မခင်လှဲ့ရယ်... သူ့လိပ်စာလည်း အရှိသားပဲ... အကြောင်းတစ်ခုခုပြပြီး... ငြင်းတဲ့စာတစ်စောင် ရေးလိုက်ပေါ့... ကိုယ်ယူချင်မှ ဖြစ်တာပဲ...”

မခင်လှဲ့သည် ဤစကားကို ကြားလိုက်ရသည်၌ အတော်ကလေးကြာအောင် ငိုင်သွား၏။ တွေသွား၏။ ဝေနေသော သူ့မျက်လုံးမှာလည်း ပျာယာခတ်လျက် တဆတ်ဆတ်ခါနေ၏။

“တော်တော့... မနုတင်... ရဲဘော်တွေရဲ့ ဘဝအခြေအနေ မှန်ကိုသာ ရှင်သိရင် ဒီစကားမျိုးပြောရက်မှာ မဟုတ်ဘူး။ ရှင်ပြောသလို လုပ်ဖို့က သိပ်မခဲယဉ်းဘူးဆိုတာ ကျွန်မ နားလည်တယ်။ နို့ပေမဲ့ ဒါဟာ ရဲဘော်တွေကို မထီလေးစားနဲ့ လှောင်သရော်တဲ့ သဘောမျိုး ဖြစ်သွားမှာပဲ။ ဒီလိုတော့ ဘယ်နည်းနဲ့မှ ကျွန်မ မလုပ်ဘူး။ သေသေချာချာ တွေးကြည့်စမ်းပါ မနုတင်၊ ရဲဘော်တွေ လောက် သနားစရာ ကြည်ညိုစရာကောင်းတာ... ဗမာပြည်မှာ ရှိသေးရဲ့လားလို့... စဉ်းစားကြည့်စမ်းပါ...”

မခင်လှဲ့သည် ပြောရင်း ပြောရင်း မျက်နှာထားလည်း တင်းလာ၏။ အသံလည်း မာလာ၏။ အတန်ကြာ ရပ်နေပြီးမှ ထပ်၍

mgyoe.com

mgyoe.com



စကားဆက်ပြန်သည်မှာ...

"သာမန်မျက်စိနဲ့ကြည့်ရင် ရဲဘော်ဆိုတဲ့ စစ်သားတွေဟာ သူလို ငါလို အစိုးရအမှုထမ်းတွေပဲလို့ ထင်စရာရှိပေမဲ့ နက်နက်နဲနဲ တွေးကြည့်လိုက်ပြီဆိုမှဖြင့် တိုင်းပြည်လူထုရဲ့ အသက်စည်းစိမ် အိုးအိမ်တွေကို သူတို့အသက်အသေခံပြီး ကာကွယ်နေတဲ့ တကယ့် ကျေးဇူးရှင် စစ်စစ်ဖြစ်တယ်ဆိုတာ တွေ့ရတယ်..."

"ခုတလော သတင်းစာတွေထဲမှာရော... ရုပ်ရှင်ဇွေမှာရော... "သွေးအားနည်းနေသော လူနာများအတွက် သွေးလှူကြပါ" ဆိုတဲ့ ကြော်ငြာတွေ အမြဲတွေ့ရတယ်နော်... ဒါပေမဲ့ (တိုင်းပြည်နဲ့ လူမျိုး အတွက် အသက်လှူထားပါတယ်) ဆိုတဲ့ နိုင်ငံရေးသမားတွေထဲ က ဘယ်နှယောက်များ သွေးလှူတယ်လို့ ကြားမိသလဲ... ရဲဘော် တွေကတော့ ပြည်ထောင်စုသားတစ်ယောက် အသက်ရှင်ဖို့အ တွက် သူ့အသက်ကို ရက်ရက်ရောရော အသေခံပြီး ကာကွယ်မယ် ဆိုတာယုံ..."

"အဲသည်လောက် စိတ်ထားမြင့်မြတ်တဲ့ ဗမာ့သားကောင်း ရတနာတွေကို ရှင်ပြောတဲ့ နည်းမျိုးနဲ့တော့... ကျွန်မ မလှည့်စား ဘူး... ယူမယ်... ဘာပဲဖြစ်ဖြစ်... ရဲဘော်လောဥကိုပဲ ကျွန်မ ယူ

mgyoe.com

mgyoe.com


မယ်...”

မခင်လှဲသည် ဤသို့စကားအဆုံးသတ်ပြီးသည်နှင့်... အခန်းထဲသို့ တစ်ရှိန်ထိုး ပြေးဝင်သွား၏။ မနုတင်မှာလည်း တစ်စုံတစ်ရာ ဘာမျှ မပြောနိုင်တော့ဘဲ... အခန်းထဲ ဝင်သွားသူ မခင်လှဲအား နောက်မှ ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

တစ်ဖက်ခန်းမှ ချောင်း၍ နားထောင်နေသော စစ်ဗိုလ်လည်း... မခင်လှဲပြောသွားသော စကားများကို နှစ်ထောင်းအားရ သဘောအကျကြီးကျလှသကဲ့သို့... ပြုံးပြုံးကြီး ခေါင်းညိတ်နေရာမှ... အိမ်ရှင်အား ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်၍ ထွက်ခွာသွားတော့၏။

* * *

ထိုသို့ ဖြစ်ပျက်ပြီးနောက် သုံးရက်မြောက်သောနေ့တွင် မခင်လှဲသည် ရဲဘော်လောဥထံသို့ စာတစ်စောင် ရေးလိုက်၏။ ထိုစာတွင်ပါသော သဘောအဓိပ္ပာယ် အတိုချုပ်မှာ... မခင်လှဲသည် ရဲဘော်လောဥအား မိမိဖူးစာရှင်အဖြစ်ဖြင့် ကြည်ကြည်ဖြူဖြူ ရွေးချယ်လိုက်ပြီဖြစ်ကြောင်း၊ အခြေအနေသာယာလာသည်နှင့်

mgyoe.com

mgyoe.com



တစ်ပြိုင်နက်၊ ထိမ်းမြားရေးကိစ္စကို စီမံမည်ဖြစ်၍ ရဲဘော်၏ မိဘများသို့ ကြိုတင်အကြောင်းကြားထားစေလိုကြောင်းအပြင် အားလပ်ခွင့်ရတိုင်းလည်း မိမိတို့ထံသို့ အလည်လာရန်တို့ကို ရေးသားလိုက်၏။ မကြာမီပင် ရဲဘော်လောဥထံမှ စာရကြောင်း ပြန်စာတစ်စောင် ရောက်လာလျက် လူကိုယ်တိုင်ကား ပေါ်မလာခဲ့ပေ။

တစ်နေ့သော နံနက်ပိုင်းအချိန်တွင် ဗိုလ်တေမိသည် စာတစ်စောင်ကို ဖတ်ရင်း... အတော်ကလေး ဒေါပွလျက်ရှိ၏။

"တော်တော်ခက်တဲ့ ဟာမတွေပဲ..." ဟု တောက်တက် ခတ်ခတ်ခေါက်နှင့် မြည်တွန်နေပြီးမှ... စားပွဲပေါ်တွင် ချထားသော ထမင်းထုပ်ကို ဘေးဖယ်လိုက်ပြီး အောက်ပါ စာတစ်စောင်ကို ကောက်ရေးလိုက်၏။

သက်ဆိုင်သူ "မြ" သို့...

ရုပ်ရည်ပြေပြစ်၍ ခေတ်ပညာတတ် အထက်တန်းစား မိန်းမပျိုတစ်ဦး ဖြစ်ပါသည်ဟု သူ့ကိုယ်သူ ဖော်ပြကာ ဖူးစာရှင် ရွေးလိုက်သော မြဆိုသူ၏ စာတစ်စောင်ကို ကျွန်ုပ်ရရှိပါသည်။ စာထဲတွင် ညွှန်ကြားထားသည့်အတိုင်း ဤသတင်းစာမှပင် ဖော်ပြလိုက်ပါသည်။

mgyoe.com

mgyoe.com



စာအရေးအသားနှင့်တကွ အရိပ်အမြွက်အားဖြင့် ဖော်ပြထားသော မြ၏ အရည်အချင်း ဂုဏ်ဒြပ်အခြေအနေမှာ အားရစရာကြီးပင် ဖြစ်သော်လည်း ကျွန်ုပ် ဝမ်းမသာ တုန်လည်း မတုန်လှုပ်မိပေ။ မြသည် ကျွန်ုပ်အား ဖူးစာရှင်အဖြစ်ဖြင့် ကံစမ်းရွေးချယ်လိုက်ရာ၌ မည်ကဲ့သို့သော စေတနာဖြင့် စွန့်စားလိုက်စေကာမူ ကျွန်ုပ်အဖို့ ပြောရမည်ဆိုလျှင်...

မြ ဆိုသူအား ကျွန်ုပ် မြင်လည်းမမြင်ဖူး၊ သိလည်းမသိ၊ မြ ၏ကိုယ်ကျင့်တရား မည်သို့ရှိသည်ကိုလည်း ကျွန်ုပ် နားမလည်။ သို့ပါလျက် ကျွန်ုပ်သည် မြ၏ ဖူးစာရှင်အဖြစ် အလွယ်တကူ လက်ခံရမည်လော၊ တစ်နည်းအားဖြင့်... အိမ်ထောင်ရေးကို ကလေးကစားသလို သဘောထားရမည်လော၊ ရက်ရှည်လများ သမီးရည်းစားအဖြစ်ဖြင့် နဖူးတွေ့ ဒူးတွေ့ လေ့လာအကဲခတ်ပြီးမှ... လက်ထပ်ယူကြသော လက်ရွေးစင် အိမ်ထောင်သည်များသော်မှ... (စလယ်ဝင် ဖင်မမည်းခင်က ကွဲရချက်နှာ) ကြသေးသည် ဖြစ်ရာ တစ်သက်တွင် တစ်ကြိမ်သာ ရွေးသင့်သည့် အိမ် ထောင်ရေးကိစ္စကြီးဖြစ်ပါလျက်... "သူ ဘယ်လို" ဟု မသိရသေးသော

mgyoe.com

mgyoe.com



မြအား... ကျွန်ုပ်သည် မျက်စိမှိတ်၍ လက်ထပ်ရတော့မည်လော...

တစ်ဖက်သတ် ပြောနေသည် မထင်ပါနှင့်... မြသည်လည်းကောင်း၊ အခြား မိန်းမပျိုတစ်ဦးသည် လည်းကောင်း၊ အိမ်ထောက်ဘက်ရွေးရာ၌ အလွန်အကြူးသောက်စား၍ ကိုယ်ကျင့်တရား ပျက်နေသူ ယောကျ်ားတစ်ယောက်အား... ကြည်ကြည်ဖြူဖြူ လက်ထပ်ယူနိုင်ပါမည်လော။ မည်သည့် မိန်းကလေးပင်ဖြစ်စေ အပျော်အပါး အသောက်အစား ကင်းသူကိုသာ ယူလိုပေမည်။ သို့ဖြစ်လျှင် မြ ဖူးစာရှင်အဖြစ် ရွေးလိုက်သော ကျွန်ုပ်သည်... အဖတ်ဆယ်မရအောင် ကိုယ်ကျင့်တရား ပျက်ပြားနေသူ ဖြစ်သည်ဆိုပါစို့... မြသည် ကျွန်ုပ်အားယူနိုင်ပါမည်လော၊ ဘာပဲဖြစ်ဖြစ် ဇွတ်နှစ်၍ ယူပါမည်ဟု ဆိုသည့်တိုင်အောင်... ကျွန်ုပ်ကမူ ဘာပဲဖြစ်ဖြစ် ဇွတ်နှစ်၍ ငြင်းရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်... အကြောင်းမသိရသေးသော မိန်းမတစ်ယောက်အား မယူလိုသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ် ဤသို့ ရေးရခြင်းအားဖြင့် မြ၏ စေတနာကို စော်ကားနေသည်မဟုတ်ပါ။ ဆင်ခြင်တုံ

mgyoe.com

mgyoe.com



တရားကင်းမဲ့၍ အဓိပ္ပာယ်မရှိသော မြဇာ၏လုပ်ငန်းစဉ်ကိုသာ အပြစ်ဆိုနေခြင်း ဖြစ်ပါသည်။

ယခုတလော ထမင်းထုပ်ထဲတွင် ဖူးစာရှင် ရွေးသော စာနှင့် ရိသဲ့သဲ့စာများ ထည့်ပေးခြင်းသည်... (ဖက်ရှင်)တစ်ခု အနေဖြင့် ခေတ်စားနေသည်ကို တွေ့ရပါသည်။ အချို့က တကယ့်စေတနာဖြင့် ရေးကြပြီး... အချို့ မိန်းကလေးများကမူ စိတ်ရော လက်ရော ပရမ်းပတာ ရဲဘော်များအား လှောင်သရော်စရာသဖွယ် ပြက်ရယ်ပြုနေသည်ကိုသာ တွေ့ရပါသည်။ ရဲဘော်များကို မိန်းမလျာကပင် ကျူးကျော်စော်ကားနေသည်ကို သတင်းစာတစ်စောင်တွင် တွေ့ရပါသည်။

အမျိုးနှင့် တိုင်းပြည်အတွက် အသက်အသေခံ၍ တိုက်ခိုက်နေသော ရဲဘော်များကို ဂုဏ်ပြုသောအားဖြင့်... ဤသို့ (ရေး)နေကြသည်ဆိုလျှင်... ထိုယူဆချက်ထက် လွဲမှားသော ယူဆချက်သည် မရှိတော့ပေ။ ထိုထိုသော (မ) သံပေး၍ ရေးလိုက်သော စာများသည် ရဲဘော်များအား ဂုဏ်ပြုရာ မရောက် တွေဝေသွားအောင် ဖန်တီးနေသလိုသာ ရှိနေပါသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် မြစာကို ရစဉ်က ရတ်တရက်

mgyoe.com

mgyoe.com



တွေဝေသွားသည်ကို ဝန်ခံပါ၏။

မိတ်ဆွေတစ်ဦး၏ ပြောပြချက်အရ သပိတ်မှောက်ကျောင်းသားနှစ်ယောက်သည်ပင် ထမင်းထုပ်တွင် ပါသောစာကိစ္စနှင့်ပတ်သက်၍ ရိုက်မောင်းပုတ်မောင်းအထိ ဖြစ်သွားသည်ဟု ကြားသိရလေရာ သေနတ်ကိုင်နေရသော ရဲဘော်များသာ ဤအခြေမျိုး ဆိုက်သွားပါက သူသတ်ပွဲ အထိပင်ကျယ်ပြန့်သွားစရာ ရှိနေပါသည်။

မည်သို့ဖြစ်စေ၊ ရဲဘော်အတွက် အနစ်မွန်းခံဝံ့ကြသော မြန်မာ့တကွ အခြား အမျိုးသမီး (တကယ့် စေတနာရှင်များကိုသာ ဆိုလိုသည်) များ၏ စိတ်ဓာတ်ကို ကျွန်ုပ်ဦးညွတ်အလေးပြုပါ၏။ သို့သော်... ယခုကဲ့သို့ အလွန်အရေးကြီးနေသော အချိန်တွင် ရဲဘော်များ တွေဝေသွားစေမည့် (စာကိစ္စ) ကို ခေတ္တရပ်ဆိုင်းထားစေချင်ပါသည်။

ကျွန်ုပ်နှင့် တိုက်ရိုက် သက်ဆိုင်နေသူ မြ သိစေလိုသည်မှာ ကျွန်ုပ်သည် ကျွန်ုပ်၏ အိမ်ထောင်ရေးကိစ္စကို အသက်လောက် တန်ဖိုးထား၍ လေးစားသည်။ မျက်နှာလွှဲခဲပစ်ဖြစ်ချင်ရာဖြစ်ဟု သဘောမထားနိုင်။ ထို့အတူ မြသည်လည်း

mgyoe.com

mgyoe.com



မြစ်၏ ကောင်းကျိုး ဆိုးကျိုးကို တစ်သက်လုံး ဖန်တီးမည့် အိမ်ထောင်ရေးကိစ္စအတွက် ကပြက်ကချော် ပျော်ပွဲစား ထွက်သလို သဘောမထားဘဲ နက်နက်နဲနဲ စဉ်းစားပါ... ဟူ၍ နောက်ဆုံး သတိပေးလိုက်ပါသည်။

အမည်မဖော်လိုသူ... စစ်ဗိုလ်တစ်ဦး

နောက်တစ်နေ့ သတင်းစာတစ်စောင်တွင် အထက်ပါ ဆောင်းပါးကို ခေါင်းစဉ်စာလုံးမည်းကြီးဖြင့် ကျကျနန ဖော်ပြလိုက်သောကြောင့် သတင်းစာ ပရိသတ်ကြီးမှာ ထိုသတင်းကိုပင် အထူး ဆုံးထား၍ အသီးသီး ဝေဖန်လျက် သဘောကျသူကျ အပြစ်ယူသူ ကယူ (မူ) နှစ်မူပင် ကွဲတော့မည်ကဲ့သို့ ဖြစ်နေတော့၏။

ထိုဆောင်းပါးသည် ထမင်းထုပ်လောကကြီးကို ပွက်လောရိုက်အောင် လှုပ်ရှားသွားစေသည်သာမက အထူးသဖြင့် ထမင်းထုပ်ထဲစာထည့်သူများကို အပြင်းအထန် တုန်လှုပ်သွားစေ၏။ အချို့သော မိန်းကလေးများသည် ထိုဆောင်းပါးကို ခေါင်းအေးအေးထား၍ အတန်တန်ဖတ်ပြီး အထပ်ထပ် စဉ်းစား၏။ အချို့က သဘောကျ၍ အချို့က ဒေါပွ၏။ ထိုဆောင်းပါးကို ရေးလိုက်

mgyoe.com

mgyoe.com



သူ့ ဗိုလ်တေမိ၏ အရေးအသား အတွေးအခေါ် အယူအဆများသည် မှန်သည်ကို အပထား၍ ကောင်းသည်ကို လိုက်နာ၊ မကောင်းသည်ကို ဖယ်ထုတ် လုပ်ချင်သလို လုပ်နိုင်၏။ နောက်ဆုံး ခံစားရမည်ကား အကျိုး... သို့မဟုတ်... အဆိုး... ဟူသော တရားမျက်စိဖြင့် မြင်သူတွေလည်း ရှိကြ၏။

ထိုဆောင်းပါး ပါရှိခဲ့ပြီးနောက် ၁၀ ရက်လောက်ကြာသည်အထိ ထမင်းထုပ်တွင် စာထည့်သော ကိစ္စကြီးသည် သိသိသာသာ ၂င် ယုတ်လျော့သွား၏။ ဖူးစာရှင်ရွေးစာ ရိသဲ့သဲ့နှင့် ကန့်ကလျကလိကြသော စာများကား လုံးဝ ပပျောက်သွားလျက်... မေတ္တာပို့သောစာနှင့် အားပေးစကားရေးသားကြသော စာများသာလျှင် တွေ့ရ၏။

စစ်မြေပြင်၏ တိုက်ပွဲအခြေအနေမှာလည်း သန်းခေါင်ကျော်နှင့် လင်းအားကြီးအချိန်လောက်တွင်သာ တိုက်ပွဲပြင်းထန်လျက်နေ့ဘက်တွင်မူ အထူးငြိမ်သက်နေသည်သာ ဖြစ်၏။ ထိုမျှလောက်သော သတင်းကိုသာ ဖတ်ရှုနေရသည့် ရန်ကုန်လူထုမှာလည်း ထိုတိုက်ပွဲကိစ္စကို စိတ်ဝင်စားခြင်း မရှိလှတော့သည် အလျောက်အရောင်းရတွင်ကျယ်မှုကို အဓိကထား၍ ထိတ်လန့်တကြား အော်

mgyoe.com

mgyoe.com



ဟာစ်လေ့ရှိသော သတင်းစာရောင်းသမားများပင် "ခဝဲခြံ၊ အင်းစိန်၊ မင်းဓမ္မကုန်း" စသည့် လူထုစိတ်မဝင်စားသော အမည်များကို ထုတ်ဖော်အော်ဟာစ်ခြင်း မပြုတော့ဘဲ "ရွှေဂျိုးဖြူ လေယာဉ်ပျံကိစ္စ" "လမ်း ၂၀ ဓားပြဖမ်းပွဲ" "ရဲဘော်ဖြူ စေ့စပ်ရေး" စသည်များကိုသာ အော်ဟာစ်ရောင်းချလျက်ရှိနေကြ၏။

သို့သော်... ထိုနေ့နံနက် ထွက်လာသော သတင်းစာတစ်စောင်တွင် ပါလာသည့် သတင်းတစ်ခုသည် သတင်းစာ ပရိသတ်ကြီးအား လှုပ်လှုပ်ရှရှ ဖြစ်သွားအောင် ဖန်တီးလိုက်ပြန်၏။

နု... ချစ်တဲ့ ရဲဘော်ရေ...

ဒီခေါင်းစဉ်ကလေး ဖတ်လိုက်ရတော့ ရဲဘော်လည်း တွေဝေသွားမလား မသိဘူး.ဘာပဲဖြစ်ဖြစ်လေ။ နု မှန်တယ်ထင်လို့ ရေးလိုက်ရတာပဲ။

ဒီစာကို မရေးခင် ဟိုတစ်လောတုန်းက (အမည်မဖော်လိုသူ စစ်ဗိုလ်တစ်ဦး)... ရေးလိုက်တဲ့ ဆောင်းပါးလိုလို ပြန်ကြားချက်လိုလို... ဝါးလုံးရှည်နဲ့ သိမ်းပြီး ယမ်းလိုက်တဲ့ စာကို သေချာစွာဖတ်ပြီးမှ ဒီစာကို ရေးလိုက်ခြင်း ဖြစ်ပါ

mgyoe.com

mgyoe.com



တယ်။ သူ့စာထဲမှာ ခုလို အရေးကြီးနေတဲ့ အချိန်ကြီးမှာ ဒီလိုစာမျိုးတွေ ရေးထည့်တာ ရဲဘော်တွေကို တွေဝေသွားအောင် လုပ်တာနဲ့ တူနေသတဲ့၊ ဘာဆိုင်သလဲ ရဲဘော်ရယ်... ရဲဘော်တွေရဲ့ စိတ်ဓာတ် ခိုင်မြဲမှုသာ အဓိက မဟုတ်လား... ပြီးတော့ ဆိုလိုက်သေးတယ်... သူ့စာက...

အိမ်ထောင်ရေးကို ကလေးကစားသလို သဘောမထားသင့်ဘူးတဲ့... ရဲဘော် စဉ်းစားကြည့်စမ်း... လောကကြီးဟာ ဖြစ်ချင်သလို ဖြစ်နေတယ် မဟုတ်လား... နိုင်ငံရေး၊ စီးပွားရေး၊ စေ့စပ်ရေး ဘာအရေးပဲဖြစ်ဖြစ် လုပ်ချင်သလို လုပ်၊ ဖြစ်ချင်သလို ဖြစ်သွားတာပဲ။ အိမ်ထောင်ရေးလည်း အတူတူပဲ၊ ခြောက်ပြစ်ကင်း စင်းလုံးချောလို သုံးနှစ်သုံးမိုး အကဲခတ်ပြီးမှ ယူပေမဲ့ သူကွဲချင်ကွဲ၊ မြဲချင်မြဲတာပဲ။ ဒါကြောင့် တိုင်းပြည်အတွက် အသက်ပေးကာကွယ်နေရတဲ့ ရဲဘော်တစ်ယောက်ကို ဖူးစာရှင်အဖြစ် ရွေးချယ်လက်ထပ်တာဟာ မြင့်မြတ်တဲ့ ဂုဏ်ပြုမှုတစ်ရပ်လို့ နှ ယုံကြည်တယ်။ လေးလေးနက်နက် ထောက်ခံတယ်၊ ဒါကြောင့် ဒီစာကို ရေးလိုက်ပါတယ်။ ရဲရဲဝံ့ဝံ့ပဲ ရေးလိုက်ပါတယ်။

mgyoe.com

mgyoe.com


ဒီစာရတဲ့ ရဲဘော်ဟာ ကိုယ်ကျင့်တရား ပျက်ပြားနေရုံ မကလို့ ကျိုးကျိုးကန်းကန်း၊ ဝဲဝဲ နူနူ လူပျိုသာ ဖြစ်ပါစေ နုရဲ့ ဖူးစာရှင်အဖြစ် ကြည်ကြည်ဖြူဖြူ လက်ထပ်ယူဖို့ ဆုံးဖြတ်ပြီးပါပြီ။

နုဟာ အသက် ၂၅ နှစ်အရွယ် ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ဖြစ်ပြီး လစာ ၂၀၀ ကျော်ရတဲ့ ရုံးအလုပ်တစ်ခု လုပ်ကိုင်နေသူ ဖြစ်ပါတယ်။ (ယခု ခွင့်ယူထားသည်) နုဟာ အမေတစ်ခု သမီးတစ်ခုဖြစ်ပြီး... တိုက်ပိုင် အိမ်ပိုင်နှင့် နေထိုင်သူတစ်ယောက် ဖြစ်ပါတယ်..."

ကဲ နုချစ်တဲ့ ရဲဘော်... ရဲဘော်ကိုတော့ နုရဲ့ ဖူးစာရှင်အဖြစ် ရွေးချယ်လိုက်ပြီလေ၊ နုရဲ့လိပ်စာ အပြည့်အစုံ ထည့်ပေးလိုက်တာကိုထောက်ရင် နုဟာ စိတ်ရော လက်ရော ပရမ်းပတာဖြစ်လိုက်တာရယ်လို့ မထင်သင့်ဘူးပေါ့နော်၊ ဒါနဲ့မှ စိတ်မချသေးဘူးဆိုရင် ဒီစာရတဲ့ ရဲဘော်ဟာ နုရဲ့ စာမူအတိုင်း ကြိုက်ရာသတင်းစာကနေပြီး လိပ်စာနဲ့တကွ ဖော်ပြပါ။

"နု"

မှတ်ချက်။ ။ အထက်ပါ နုဆိုသူ၏ လိပ်စာအပြည့်အစုံကို

mgyoe.com

mgyoe.com


ကျွန်ုပ်တို့ သိရှိထားပြီး ဖြစ်သော်လည်း ထိုမိန်းမပျို၏ ကာယိန္ဒြေကို ထိခိုက်မည်စိုးသောကြောင့် ဖော်ပြခြင်း မပြုလိုက်ပေ။ (အယ်ဒီတာ)

ဗိုလ်တေမိ၏ ပထမဆောင်းပါးကြောင့် ငြိမ်သက်တိတ်ဆိတ်သွားသော (ထမင်းထုပ် ဖူးစာရှင်လောက) မှာ ယခု 'နု' ဆိုသူ၏ စာကြောင့် အတော်ကလေး လှုပ်လှုပ်ရွရွ ဖြစ်လာပြန်၏။ ထိုသတင်း၏အစ နားတွင်လည်း...

(ထိုစာကို ရရှိသူမှာ စစ်မြေပြင်တွင် အထူးနာမည်ရနေသော လူပျိုစစ်စစ်... မေဂျာတစ်ယောက်ဖြစ်သည်ဟု သိရှိရကြောင်း)

ဟု ပါရှိရာ အထက်တန်းစား အမျိုးသမီးတစ်ယောက်နှင့် အထက်တန်းစား စစ်အရာရှိတစ်ယောက်တို့၏ အချစ်ဇာတ်လမ်း ဖြစ်နေသည့်အလျောက် အချစ်နှင့် မကင်းသူမှန်သမျှမှာ ထိုသတင်းကိုသာ နားတစွင့်စွင့်နှင့် ရှိနေကြ၏။

* * *

လတ်လတ်ဆတ်ဆတ် သိမ်းယူရရှိခဲ့သော... အော်လီဂန်းတစ်လက်ကို သေချာစွာ စစ်ဆေးကြည့်ရှုနေသော ဗိုလ်တေမိအား

mgyoe.com

mgyoe.com



တစ်စုံတစ်ယောက်သည် နောက်မှနေ၍ ပခုံးပုတ်လိုက်သဖြင့် ရုတ်တရက် လှည့်ကြည့်လိုက်ရင်း...

"အလို... မေဂျာ ကျော်ဝင်းပါလား၊ ပျောက်ချက်သားကောင်း လှချီလားဗျို့" ပြောပြောဆိုဆို အနီးရှိ ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး မေဂျာကျော်ဝင်းကိုလည်း ကုလားထိုင်တစ်လုံး ထိုးပေးလိုက်၏။

"ပျောက်ချက်သားကောင်းဆို သိတဲ့အတိုင်းပဲလေ... ဘယ်မှာ အားရတယ်ရှိသလဲ၊ ဒါနဲ့... ဒီနေ့ သတင်းစာဖတ်ပြီးပလား... ခင်ဗျားဘယ်လို သဘောရသလဲ... နုဆိုတဲ့ မဒီဆီက စာကိစ္စ..."ဟု မေဂျာကျော်ဝင်းက မေးလိုက်သဖြင့်... ဗိုလ်တေမိသည် ရုတ်တရက် မျက်မှောင်ကုပ်သွားပြီး..."

"အလကား အလုပ်တွေပါဗျာ..."

ဗိုလ်တေမိ ဤသို့ ပြောလိုက်သည်ကိုပင် သဘောကျသွားသည့်အလား မေဂျာကျော်ဝင်းသည် ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး...

"ခင်ဗျားကတော့ ပြောမယ်လေ တေမိကိုးဗျ... မိန်းမနဲ့ ပတ်သက်ရင် ခင်ဗျားသာ တေမိလုပ်ပါ သူများကိုတော့ တေမိ လုပ်

mgyoe.com

mgyoe.com



မခိုင်းပါနဲ့ဗျာ... ဒါတွေအသာထားဦး... လောလောဆယ်ဆယ် ခင်ဗျား ကျွန်တော့်ကို အကူအညီတစ်ခု ပေးရမယ် ဘယ့်နှယ်လဲ..."

"ဘာဗျ... ခင်ဗျား လိုချင်တဲ့ အကူအညီက ဘယ်လိုအမျိုးအစားမှန်းမှ မသိသေးပဲနဲ့ ကျုပ် ကတိပေးလို့ ဖြစ်မလား..."

"အေး... ဒါလည်း မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲ၊ နို့... တိုင်းပြည်ရဲ့ အကျိုး၊ လူတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘူးဆိုရင် ခင်ဗျား ကူညီမလား..."

ဗိုလ်တေမိသည် အတန်ကြာတွေ၍ စဉ်းစားလိုက်ပြီးမှ... "ကောင်းပြီလေ... ခင်ဗျားနဲ့ကျုပ်နဲ့ဟာ တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးမကင်းကြတဲ့ ရဲဘော်ချင်းဖြစ်တော့ ဒီမိုကရေစီ စည်းဝိုင်းအတွင်းက ကိစ္စဆိုရင် ကူညီရတာပေါ့ဗျာ" ဟု ပြောလိုက်သည်နှင့် မေဂျာကျော်ဝင်းလည်း ဝမ်းသာအားရ ဖြစ်သွားလျက်...

"ဒါဖြင့် ညနေ ၅ နာရီလောက် လာခေါ်မယ်နော်... သိပ်မကြာပါဘူး၊ တစ်နာရီလောက်အတွင်း ကိစ္စပြီးမှာပါ။ ဆိုင်ရာကိုလည်း ခွင့်တိုင်အကြောင်းကြားစာ ပို့ထားဦးနော်..."

* * *

mgyoe.com

mgyoe.com



ပြည်လမ်းတစ်လျှောက် ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ဂျစ်ကားတစ်စီးပေါ်တွင် ပါလာသည့် လူရွယ် စစ်ဗိုလ်နှစ်ယောက် အနက် မောင်းသူ စစ်ဗိုလ်၏ အမူအရာမှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသလောက် ဘေးတွင်ထိုင်၍ လိုက်ပါလာသူ စစ်ဗိုလ်မှာကား ပြုံးပင်ပြုံးနေရသော်လည်း စိတ်ပါလက်ပါမရှိသည်ကို တွေ့ရ၏။

"ခင်ဗျား... တော်တော်ရှော်တဲ့လူ... ခင်ဗျားပြောတဲ့ နုဆိုတဲ့ ဘယ်သူဘယ်ဝါမှန်းလည်း မသိ၊ သူ့ကိုယ်ကျင့်တရားနဲ့ အိမ်ထောင်ထိန်းသိမ်းမှုဘယ်လိုဆိုတာ သုံးသပ်ခွင့်မရတဲ့ မိန်းမတစ်ယောက်ကို ခင်ဗျားမို့... လိုချင်ပေတယ်..."

ဗိုလ်တေမိက ဤသို့ အပြစ်တင်သလို ပြောလိုက်သည့်တိုင်အောင် မေဂျာကျော်ဝင်းသည် အပြုံးမပျက်သော မျက်နှာထားဖြင့် ခပ်ဟားဟား ရယ်လိုက်ပြီးမှ...

"အိုဗျာ... ဒါတွေက ကိုယ့်လက်ထဲရောက်တော့ ကိုယ်ကြိုက်သလို ပြုပြင်ယူရင်ရတာပဲ... ရပ်တော့ အတော်နိပ်သဗျို့... စာရပြီးနောက်တစ်နေ့ သူတို့အိမ်ကို မယောင်မလည် သွားချောင်းတော့... ဝရန်တာကို ထွက်လာတာ တွေ့ရတယ်။ တော်တော့်ကို ကျက်သရေရှိတဲ့ မဒီဗျ..."

mgyoe.com

mgyoe.com



ပြောရင်းဆိုရင်းနှင့်ပင် ဂျစ်ကားကလေးသည် ရုပ်ရှင်ရုံများကို ဖြတ်ကျော်ခဲ့လျက် ဗိုလ်ချုပ်လမ်းတစ်လျှောက် အရှေ့ဘက်သို့ မောင်းနှင်လာခဲ့ရာမှ လမ်း ၅၀ ထဲသို့ ရုတ်တရက် ချိုးကွေ့ဝင်ရောက်သွားရာ...

"ဟော့... ကိုကျော်ဝင်း... ခင်ဗျားပြောတဲ့ နေဆိုတာ ဒီလမ်းထဲကလား..." ဟု ဗိုလ်တေမိက ပျာပျာသလဲ မေးလိုက်သည်ကို မေဂျာကျော်ဝင်းလည်း ရုတ်တရက် မဖြေသေးဘဲ ခပ်လှမ်းလှမ်းရှိ တိုက်တစ်လုံးဆီသို့ မော်ကြည့်လိုက်ရင်း...

"အင်းလေ... ဟို... ဝရန်တာမှာ ထွက်ရပ်နေတဲ့ မြာကလေး တွေ့လား... အဲဒီတိုက်ပဲ..."

မေဂျာကျော်ဝင်းက ပြောပြောဆိုဆို မေးထိုးပြလိုက်သောအချိန်၌ ကားမှာ ထိုတိုက်အောက် မလှမ်းမကမ်းတွင် အရှိန်သတ်ရပ်လိုက်ပြီး ဖြစ်သဖြင့် ဗိုလ်တေမိလည်း အပေါ်ထပ် ဝရန်တာတွင် ရပ်နေသော မိန်းမပျိုတစ်ဦးကို တွေ့ရ၏။ ဗိုလ်တေမိလည်း ချက်ချင်း မျက်နှာလွှဲလိုက်ကာ တစ်စုံတစ်ရာကို စဉ်းစားနေသကဲ့သို့ ငေးနေပြီးမှ အမိပ္ပာယ်ပါပါ ပြုံးလိုက်ပြီး မေဂျာကျော်ဝင်းအား ခေါင်းတညိတ်ညိတ်နှင့် ကြည့်နေ၏။

mgyoe.com

mgyoe.com



"ကဲ… လာဗျာ ဗိုလ်တေမိ… အပေါ်တက်ကြစို့…"

မေဂျာကျော်ဝင်းလည်း ပြောပြောဆိုဆို ရှေ့မှ တက်သွားသဖြင့် ဗိုလ်တေမိပါ နောက်မှ လိုက်သွား၍ မခင်လှဲ့တို့အခန်းဝသို့ ရောက်သော် တံခါးမခေါက်ရတော့ဘဲ… အဆင်သင့် ပွင့်နေသည်ကို တွေ့ရကာ မခင်လှဲ့ ကိုယ်တိုင်ပင် အခန်းဝတွင် ရပ်လျက် ခရီးဦးကြို ပြုနေသည့် အမူအရာဖြင့်…"

"အထဲကိုကြွပါ အစ်ကိုကြီး…"

မခင်လှဲ့သည် ဝမ်းနည်းဝမ်းသာ ဘာဟူ၍ မဝေခွဲနိုင်သော မျက်နှာထားကလေးဖြင့် ဗိုလ်တေမိအား ကြည့်၍ နှုတ်ခွန်းဆက်သဖြင့် မေဂျာကျော်ဝင်းမှာ… ဗိုလ်တေမိနှင့် မခင်လှဲ့ကို တစ်လှည့်စီကြည့်ရင်း အံ့သြတွေဝေစိတ်မှာလည်း ထွေသွားသည် ထင်လိုက်ရ၏။ ဗိုလ်တေမိလည်း တစ်စုံတစ်ရာ ဘာမျှမပြောသေးဘဲ ရှေ့ဆုံးမှ ဝင်သွားကာ ဧည့်ခန်းရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း မေဂျာကျော်ဝင်းကိုပါ ထိုင်ရန် မျက်ရိပ်ပြလိုက်သည့်အခိုက် မခင်လှဲ့သည် ဗိုလ်တေမိနှင့် မျက်နှာချင်းဆိုင်လျက် ဝင်ထိုင်လိုက်ရာမှ…

"အစ်ကိုကြီး… ကျွန်မကို မှတ်မိသေးရဲ့လား ရှင်…"

mgyoe.com

mgyoe.com



မိန်းမပီပီ ခန့်တည်ကြည်လင်သောမျက်နှာကလေးဖြင့် မေးလိုက်သည်ကို...

"ကောင်းကောင်းကြီး မှတ်မိတာပေါ့... မင်း မိဘများကော ကျန်းမာကြရဲ့ မဟုတ်လား... ဘယ်သွားကြသလဲ..."

"ဟုတ်ကဲ့ ကျန်းကျန်းမာမာပါပဲရှင်... ခု ဘုရားသွားကြပါတယ်။ အချိန်ကုန်မှ ပြန်လာကြပါလိမ့်မယ်... အစ်ကိုကြီးအကြောင်းကို နေ့စဉ်လိုလိုပဲ ပြောနေကြပါတယ်..."

ဗိုလ်တောမိနှင့် မခင်လှ ဤသို့အပြန်အလှန်အမေးအဖြေ လုပ်နေကြသည်တွင် မေဂျာကျော်ဝင်းမှာ သို့လောသို့လော တွေးတောကြံဆနေသည်၏အဖြစ်ကို ဗိုလ်တောမိ သတိထားမိသောကြောင့်လားမသိ ထိုစကားကို မဆက်တော့ဘဲ ဗိုလ်တောမိကပင် စတင်၍...

"ဟောဒီက မိတ်ဆွေခေါ်လာလို့ လိုက်လာခဲ့တာ နုကို တွေ့ချင်လို့တဲ့။ ထမင်းထုပ်ထဲက... (စာကိစ္စ)ဆိုပါတော့..." ဟု ဗိုလ်တောမိသည် သွယ်သွယ်ဝိုက်ဝိုက်မဟုတ်၊ လိုရင်းကို ဘွင်းဘွင်းကြီးပြောလိုက်သဖြင့် မေဂျာကျော်ဝင်းမှာ မျက်နှာမထားတတ်တော့သလို ဦးခေါင်း ငိုက်စိုက်ကျသွားတော့သည်။

mgyoe.com

mgyoe.com



"ဩော်... ဩော်... နုစာကို ရတာ ဒီက နောင်ကြီးကိုးနော်..." ဟု ပြောပြောဆိုဆို မခင်လှဲသည်... နောက်ဖေးဘက် မျက်လုံး လည်သွားရင်းက..."

"မနုတင်ရေ... ဟောဒီမှာ ညည်းသည်က... တွေ့ချင်လို့တဲ့"ဟု လှမ်းခေါ်လိုက်သဖြင့် မေဂျာကျော်ဝင်းမှာ အသက်ကိုပင် ဘယ်က ရှူရမှန်းမသိအောင် အံ့ဩသွားရင်း နောက်ဖေးဘက်ဆီသို့ လှမ်း ကြည့်နေမိ၏။

မေဂျာကျော်ဝင်းသည် စာရပြီး နောက်တစ်နေ့... မယောင် မလည် လာချောင်းစဉ်က မခင်လှဲ ဝရန်တာတွင် ထွက်ရပ်နေသည် ကို တွေ့ရသဖြင့် မခင်လှဲကိုပင် နုဟု ထင်သွားဟန်တူပြီး ယခု နု ဆိုသူမှာ မခင်လှဲမဟုတ်ဘဲ အခြား မိမိမမြင်ဖူးသူ တစ်ယောက် ဖြစ်နေသည်ကို သိရသောကြောင့် အံ့အားသင့်သွားခြင်း ဖြစ်ဟန် တူသည်။

မကြာမီ အခန်းထဲမှ ထွက်လာသော မနုတင်ကို မြင်လိုက် ရသောအခါ၌ မေဂျာကျော်ဝင်းမှာ သိန်းထီပေါက်ပြီးမှ လက်မှတ် ပျောက်သွားသော လူတစ်ယောက်၏ မျက်နှာမျိုးကဲ့သို့ တစ်ခါ တည်း ညှိုးကျသွား၏။

mgyoe.com

mgyoe.com



"မနုတင် ကျွန်မတို့ပြောပြောနေတဲ့ ဗိုလ်တေမိဆိုတာ ဒီအစ်ကိုကြီးပေါ့..."ဟု မခင်လှဲ့က လက်ညှိုးညွှန်ပြရင်း မိတ်ဆက်ပေးလိုက်ကာ..."

"ဒီဘက်က နှောင်းကြီးကတော့ မနုတင်ကို တွေ့ချင်လို့တဲ့... ဟိုကိစ္စ..."

မခင်လှဲ့ ဤသို့ပြောလိုက်ခါမှ မေဂျာကျော်ဝင်းမှာ ထ၍ပင် ပြေးချင်တော့မလောက် စိတ်နှောက်ရှုပ်ပွေသွားသည်ဟု ထင်လိုက်ရ၏။ မနုတင်ကမူ မေဂျာကျော်ဝင်းအား အတန်ကြာ မျက်လုံးကလေး ဖွေကြည့်နေပြီးမှ သဘောကျသလို ပြုံး၍ မျက်နှာလွှဲလိုက်ပြီး...

"ဪ... ဪ... ထိုင်ကြပါဦးနော်... ကျွန်မ ကော်ဖီကလေး ဖျော်လိုက်ပါရစေ... ကြိုတင်အကြောင်းကြားရင်တော့ အဆင်သင့် လုပ်အထားရသား..." ဟု မနုတင်သည် ပြောရင်း ထရင်း အခန်းတွင်းသို့ ဝင်သွား၏။

"ဒီမှာဗျာ... ရေကလေး တစ်ခွက်လောက်..."

မေဂျာကျော်ဝင်းသည် မခင်လှဲ့အား မရဲတရဲ ကြည့်ရင်း ပြောလိုက်သောကြောင့် မခင်လှဲ့လည်း ချက်ချင်းထ၍ ဝင်သွား၏။

mgyoe.com

mgyoe.com



"အိုင်ဆေး... ဗိုလ်တေမိ... ကျွန်တော်တော့ ချောက်ကျတာပဲ ဗျာ... ခု ရေသွားခပ်တဲ့ မြာကို နှ ထင်ပြီးလာတာ... ခုတော့ နက တစ်ယောက်ဖြစ်နေပြီ... ဘယ့်နှယ်လုပ်မလဲ..."

မေဂျာသည် ဗိုလ်တေမိအား တိုးတိုးကပ်၍ မျက်စိပျက် မျက်နှာပျက်ပြောလိုက်သောကြောင့် ဗိုလ်တေမိက ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး...

"ဘုမသိ... ဘမသိဘဲ ခင်ဗျား နန့်ကြောဆွဲတာ၊ ကျုပ် ဘာ တတ်နိုင်မှာလဲဗျ... အစကပြောတယ် မဟုတ်လား၊ အဓိပ္ပာယ် မရှိတာတွေ မလုပ်ပါနဲ့လို့ ခုမှတော့ မထူးဘူး၊ နေ့ကောင်းရက်သာ ရွေးပြီး လက်ထပ်ကြ... ဒါပဲရှိတယ်..."

ဗိုလ်တေမိစကားမဆုံးမီပင် မခင်လှဲ ထွက်လာကာ ရေဖန် ခွက် ချပေးသဖြင့် စကားဖြတ်လိုက်ရ၏။ ချက်ချင်းပင် မခင်လှဲ ပြန်သွားသောကြောင့်...

"မနုတင်ဆိုတဲ့ ဟာကြီးတော့ မလိုချင်ဘူးဗျာ။ ခင်ဗျားပဲ ကြည့်စမ်းပါဦး၊ ကိုယ်လုံးကိုယ်ပေါက်ကြီးကလည်း ပုအိုက်အိုက်နဲ့ အသားကလည်း မည်းသေး၊ နဖူးမောက်မောက်၊ နှရောင်ကောက် ကောက်၊ သွားကလည်း ခေါခေါ... မဖြစ်ပါဘူးဗျာ၊ ကျွန်တော်

mgyoe.com

mgyoe.com



တော့ ပြောင်ပဲ ပြောလိုက်တော့မယ် မလိုချင်ဘူးလို့..."

ထိုအခိုက် မခင်လှဲ့သည် မုန့်ပန်းကန်နှစ်ခုနှင့် ထွက်လာပြီး မနုတင်လက်တွင်မှု ကော်ဖီဗန်းကလေး ပါလာလျက် အသီးသီး စားပွဲပေါ်တွင်တင်ပြီး ကိုယ်စီကိုယ်င ကုလားထိုင်တွင် ထိုင်လိုက်ကြရာမှ ကော်ဖီနှင့် မုန့်များကို လှမ်းပေးလိုက်သောကြောင့်... နှစ်ယောက်သား ယူသောက်နေကြ၏။

"မခင်လှဲ့တို့ ဒီကိုရောက်နေတာ အတော်ကြာပလား..."

ဗိုလ်တေမိသည် ကော်ဖီပန်းကန်ကိုချ၍ လက်သုတ်ပဝါဖြင့် နှုတ်ခမ်းတို့ကို သုတ်နေရာမှ မေးလိုက်သဖြင့်...

"ဟုတ်ကဲ့... အစ်ကိုကြီးတို့ဆီက ထွက်လာတဲ့ နေ့ကတည်းက ဆိုပါတော့... မနုတင်က ကျွန်မနဲ့ ကျောင်းနေဘက် အင်မတန်ချစ်ကြတဲ့ သူငယ်ချင်းပေါ့။ သူတို့ဆီမှာ နေရမယ်ဆိုပြီး အတင်းခေါ်ထားတာနဲ့..."

ဗိုလ်တေမိသည် ဘာမှပြန်မပြောသေးဘဲ တစ်စုံတစ်ခုကို သတိရသကဲ့သို့...

"ဟာ... ရဲဘော်... အဲဒါမှ ခွပဲဗျို့... အရေးကြီးတဲ့ စာရွက်စာတမ်းတွေထားတဲ့ ဗီရိုသော့မခတ်ခဲ့မိဘူး လုပ်ပါဦး ခင်ဗျား

mgyoe.com

mgyoe.com



သွားဗျာ၊ ကားနဲ့ပဲ ချက်ချင်းပြန်လာပေါ့…”

ဗိုလ်တေမိသည် အလွန်စိုးရိမ်နေသော မျက်နှာဖြင့် မေဂျာကျော်ဝင်းအား ပြောလိုက်သဖြင့် နဂိုက မနုတင်ကို စိတ်ပျက်၍ ထပြေးချင်နေသော မေဂျာကျော်ဝင်းသည် ချက်ချင်းပင် ထ၍ ဆင်းသွားတော့၏။

အမှန်အားဖြင့်… ဤကိစ္စမှာ တမင်သက်သက် ဗိုလ်တေမိ ညဏ်ဆင်လိုက်ခြင်းမျှသာ ဖြစ်၏။ သို့ ညဏ်ဆင်ရသည်မှာလည်း အခြားကြောင့်မဟုတ်။ မေဂျာကျော်ဝင်း၏ စိတ်လိုက်မာန်ပါ ဘာမဆို လွယ်လွယ်လုပ် လွယ်လွယ်ပြော လွယ်လွယ်သဘော ထားတတ်သော သူ၏ ဝါသနာကို သိပြီးဖြစ်သောကြောင့် ယခု မနုတင် အရုပ်ဆိုးသောကြောင့် စိတ်ပျက်နေပြီး လွယ်လွယ်ပင် “မယူနိုင်ဘူး” ဟု ပြောလိုက်ချေက မိမိပါ မျက်နှာပန်းမလှဖြစ်ကြရတော့မည်ကို ကာကွယ်သောအားဖြင့်… မေဂျာကျော်ဝင်းအား ဤသို့ လွှတ်လိုက်ပြီး သူမရှိခိုက်တွင်မှ အဆင်ပြေသလို ပြောတော့မည်ဟု ယူဆကာ ညဏ်ဆင်လိုက်ခြင်းမျှသာ ဖြစ်၏။

“ကဲ… မနုတင် မှန်တာပြောရရင် ဟိုကောင်ကို ကျုပ် တမင်လိမ်ပြီး လွှတ်လိုက်တာပဲ။ ခင်ဗျား ဖူးစာရှင်အဖြစ် ရွေးတဲ့ စာကို

mgyoe.com

mgyoe.com



သူရတာတော့ မှန်တယ်... ဒါပေမဲ့ သူဟာ ခင်ဗျားယူထိုက်တဲ့ လူတစ်ယောက် မဟုတ်ဘူး။ ကျုပ်လိုက်လာတာလည်း ဒီကိစ္စ လက်မလွှန်စေချင်လို့ပဲ... သူ လူပျိုမဟုတ်ဘူး မယားကြီး ရှိတယ်... လူက ခပ်ပွေပွေနေတတ်လို့ ခုလို ရှုပ်ရှုပ်ယှက်ယှက် လုပ်တာပဲ၊ အဲဒါ ဘယ်လိုသဘောရသလဲ... မယားကြီးရှိတဲ့ လူတစ်ယောက်ကို ခင်ဗျားယူနိုင်ပါ့မလား မနုတင်..."

ဗိုလ်တေမိသည် အားလုံးအဖို့ အများဆုံး အဆင်ပြေမှုအတွက် မဟုတ်မဟတ် လုပ်ဇာတ်ခင်းနေ၏။ ထိုစကားကို ကြားလိုက်ရသည်နှင့် မနုတင်သည် ရုတ်တရက် ငိုင်သွားပြီးမှ တစ်ဖန် မျက်နှာထား တင်းလာပြန်၏။ အကယ်၍ အသားဖြူသူ တစ်ယောက်သာ ဖြစ်ပါမူ၊ မနုတင်၏ ယခုအခိုက်အတန့်ဖြစ်ပေါ်သွားသော အမူအရာအားဖြင့်ဆိုလျှင် ဒေါသစွဲဖြင့် ရဲရဲနီနေစရာ ရှိသည်။

"ရှင်ပြောတာ ဟုတ်ချင်လည်း ဟုတ်မပေါ့၊ ဒါပေမဲ့ ကျွန်မ မယုံဘူး၊ ရှင်တို့နှစ်ယောက် တိုးတိုးတိုးတိုး ပြောနေတာ ကျွန်မ အမြင်သားပဲ... နောက်ဆုံး ပြောလိုက်တဲ့ စကားနှစ်လုံးကိုလည်း ကျွန်မ ကြားလိုက်ရတယ်။ မဖြစ်ပါဘူးဗျာတဲ့ နောက်ပြီး မလိုချင်ဘူး ဆိုလား..."

mgyoe.com

mgyoe.com



မနုတင်သည် စကားကိုရပ်ရင်း ဟင်းခနဲ အသံပြုလိုက်၏။ ဗိုလ်တေမိမှာလည်း မိမိတို့ အလိမ်ပေါ်တော့မည်လော... ဟု ဘာ ပြော၍ ဘာဆိုရမည်မသိ၊ ငေးမိငေးရာ ငေးနေစဉ်...

"ကျွန်မ စာထဲမှာ သေသေချာချာ ထည့်ရေးလိုက်တယ် (လူပျို သာ ဖြစ်ပါစေ)လို့ ဒါနဲ့တောင် ခုလို လှည့်စားဖို့ လာတယ်ဆိုတော့ ဒါဟာ သစ္စာဖောက် အချောင်သမားပဲ... ဒီလို ပြောရတာလဲစကား အဖြစ်သာ ပြောတာပါ၊ မယားကြီးရှိတယ်ဆိုတာတော့ ကျွန်မ မယုံဘူး... ရှင့်လူဟာ လူပျိုပဲဖြစ်ရမယ်။ ဒါပေမဲ့ ခုနကြားလိုက်ရတဲ့ စကားထောက်တော့ ကျွန်မ အရုပ်ဆိုးလို့ မလိုချင်တာနဲ့ ကလိမ်ဇာ ငြမ်းဆင်တာသာ ဖြစ်မှာပဲ... ဒါဟာ ညစ်ပတ်မှုပေါ့... ကျွန်မက တော့ ကျိုးကျိုးကန်းကန်း ဝဲဝဲ နူနူ လူပျို ရဲဘော်သာဆိုရင် ကြည် ကြည်ဖြူဖြူ ယူပါ့မယ်လို့ တကယ့်စေတနာနဲ့ ဂုဏ်ပြုတယ်။ ရှင်တို့ ရဲဘော်ကတော့ ကျွန်မအရုပ်ဆိုးတာနဲ့ မယူချင်ဘူးဆိုတာ တရား သလားဟင်... တရားသလား..."

မနုတင်၏ ကိုယ်ကလေးမှာ အရှက်နှင့် ဒေါသကြောင့် ပျာ ယာခတ်လျက် တဆတ်ဆတ်ခါနေတော့၏။ ဤအချိန်ထိအောင် ဗိုလ်တေမိကား... ဘာမျှ မပြောသေးဘဲ မခင်လဲ့မှာမူ ဗိုလ်တေ

mgyoe.com

mgyoe.com



မိအား ဝမ်းနည်းအားနာသော မျက်လုံးများဖြင့် ငေးကြည့်နေရှာ၏။

"ကျွန်မတို့ မိန်းကလေးတွေကတော့ အရှက်ကို မငဲ့ဘဲ ရဲဘော်တွေကို ဂုဏ်ပြုမြှောက်စားချင်လွန်းလို့ ဒီလိုစာမျိုးတွေ ထည့်ပေးကြတယ်... ရှင်တို့ ရဲဘော်တွေကတော့ လှလှချောချော ဥစ္စာပေါကိုမှလို... (ဖူးစာရှင်) ချင်ကြပြီး ကျွန်မတို့လို အရုပ်ဆိုးတာကျတော့ ထမင်းရေပူလာ လျှာလွှဲလုပ်ချင်တာက သာရင်စံမယ်... နာရင်တော့... မခံဘူးဆိုတဲ့ သဘောမျိုးလား... အတောင် ၂၀ ဝတ်မင်းယောက်ျားဆိုပြီး ထဘီဝတ်လောက်မှ သဘောထား မမြင့်မြတ်တဲ့ ယောက်ျားတွေ... ထွီ..."

မနုတင်သည် ရှက်ရှက်နှင့် ဒေါသထွက်တိုင်း ပြောလိုက်သော စကားများမှာ တစ်ဦးတစ်ယောက်တည်းကိုသာ မဟုတ်တော့ဘဲ တဖြည်းဖြည်းနှင့် နယ်ကျော်စော်ကား ယောက်ျားဟူသမျှကို တရားလက်လွတ် ထိပါးလာသောကြောင့်... ဗိုလ်တေမိသည် ရုတ်တရက် လက်ကာလိုက်ပြီး...

"တော်... ခင်ဗျားစကားတွေ အမှားပါလာပြီ။ နေဦး ကျုပ်မေးမယ်။ ခင်ဗျားတို့ (စာထည့်တဲ့ လူနဲ့ စာရတဲ့လူ) တစ်ဦးနဲ့တစ်ဦး သစ္စာမဖောက်ရဘူးလို့ ဘယ်တုန်းက စာချုပ်ထားကြသ

mgyoe.com

mgyoe.com



လဲ… စကတည်းက အဓိပ္ပာယ်မရှိတာတွေလုပ်လို့ ခုခင်ဗျား စာထဲ ပါလာသလို ဖြစ်ချင်တာတွေ ဖြစ်ကုန်ပြီ။ ဒါ ဝမ်းနည်းစရာလား… မနုတင်…”

“ကျွန်မ ဝမ်းနည်းလို့ ပြောနေတာ မဟုတ်ဘူး။ တစ်ဖက်က အနစ်နာခံသလို တစ်ဖက်က မခံနိုင်ဘူးဆိုတော့ ရှင်ပဲ စဉ်းစား ကြည့်… အသည်းနာစရာ မကောင်းဘူးလား…”

“ကျုပ် မိတ်ဆွေ ရဲဘော်က ခင်ဗျားအရုပ်ဆိုးလို့ မယူချင်ဘူးပဲ ထားပါဦး… ဒါကို ခင်ဗျား နစ်နာတယ်လို့ ဆိုချင်သပေါ့… နို့… ဘာပဲဖြစ်ဖြစ် အနစ်နာခံဖို့ စိတ်ပိုင်းဖြတ်ထားပြီးဟာ… ခုလို နစ်နာ တာလည်း… ရဲဘော်အတွက် အနစ်နာခံပြီး ဂုဏ်ပြုတာပဲ မဟုတ် လား၊ ဥပမာဆိုပါတော့… “ငါ့လို အရုပ်ဆိုးတဲ့ မိန်းမတစ်ယောက် ကို ယူထားပြီး စိတ်ဆင်းရဲနေမယ်ဆိုရင်ဖြင့် သူ စိတ်ချမ်းသာ အောင် ငါမယူပါဘူးလေ…” ဆိုတဲ့ စိတ်မျိုး မထားသင့်ဘူးလား မနုတင်…”

မနုတင် ငိုင်သွား၏။ တွေသွား၏။ ထွေနေသော သူ့စိတ်ကို သတိထား၍ ရှင်းလိုက်ပြီးမှ…

“ဒါဖြင့်… ကျွန်မဟာ မခင်လှဲ့လို ချောတဲ့လှတဲ့ မိန်းကလေး

mgyoe.com

mgyoe.com



တစ်ယောက်ဖြစ်ရင်တော့ အသာစံမယ်ဆိုတဲ့ အဓိပ္ပာယ်လား...”

“ဒါတော့ ခင်ဗျားကိုယ်ချင်းစာတတ်သားပဲ။ မခင်လှဲ့ရဲ့စာကို ရဲဘော် လောဥရလို့ ဒီလာပြီး ပြန်သွားတော့ ခင်ဗျား ဘာပြော သလဲ... မှတ်မိသေးရဲ့လား...”

မနုတင်သည် ပါးစပ်အဟောင်းသားနှင့် ကြောင်အမ်းအမ်း ဖြစ်သွားရာမှ... မခင်လှဲ့အား လှမ်းကြည့်လိုက်၏။ မခင်လှဲ့မှာ လည်း ရန်ကုန်မြစ်ထဲ ရေခန်းသွားပြီ... ဟူသော သတင်းမျိုး ကြား လိုက်ရသကဲ့သို့ အထိတ်တလန့်ကြီး အံ့သြသွား၏။

“မခင်လှဲ့လို့ ဥစ္စာပေါ ရုပ်ချောမိန်းမလှကလေးနဲ့ ရဲဘော် လောဥလို အသားမည်းမည်း၊ မျက်လုံးပြူးပြူး၊ ပုပုကွကွ ဘယ်လိုမှ ဂိုက်ဆိုက်မကျတဲ့ အညာသားတစ်ယောက်နဲ့တော့ သဘောမတူ နိုင်ဘူး၊ အကြောင်းတစ်ခုခုပြပြီး ငြင်းလိုက်ပေါ့... လို့ ခင်ဗျား မခင်လှဲ့ကို ပြောခဲ့ဖူးတယ်။ ခုလည်း ခင်ဗျား အရုပ်ဆိုးလို့ ကျုပ် ရဲဘော်က အကြောင်းတစ်ခုခုပြပြီး ငြင်းတာဆိုရင်ကော...”

မနုတင်မှာ ဒေါသလည်း မထွက်နိုင်... စောဒကလည်း မတက်နိုင် အချက်ပိုင်ပိုင် ခိုးထုတ်ခိုးထည်နှင့် ကိုင်ရက်သား အမိ ခံရသူကဲ့သို့ မဲ့ရာမှ ငို... ယို ကျလာသော မျက်ရည်များမှာလည်း

mgyoe.com

mgyoe.com



ပါးနှစ်ပြင်လုံး ရွှဲရွှဲစိုသွားတော့၏။ ဤသည့်အဖြစ်ကို မြင်နေရသော မခင်လဲ့မှာလည်း မနုတင်ကို သနားသည်ကတစ်ဖက် ဗိုလ်တေမိအား အံ့ဩသည်က တစ်ဖက်နှင့် ရတက်ရှုပ်ပွေဦးနှောက်တွေပင် အရေပျော်ကျမတတ် အနေရကျပ်နေရှာ၏။

"ဝမ်းနည်းပါတယ် မနုတင်... ခင်ဗျား ခုလို ငိုတော့ ကျုပ် စိတ်ကို သိပ်ထိခိုက်သွားတယ်။ ကျုပ်ဟာ... လူတစ်မျိုးပဲ ဘာပဲ ဖြစ်ဖြစ် မဟုတ်မခံ မှန်တယ်ထင်ရင် ဘယ်သူ့မျက်နှာမှ မထောက် ဘူး ပြောချလိုက်တာပဲ။ ဒီညာဉ်ဆိုးကို ဘယ်တော့မှ ဖျောက်လို့ ရမယ်မသိဘူး။ ကျုပ် တောင်းပန်ပါတယ်နော်... ကျေနပ်ပါ... ဒါမှမဟုတ်လည်း ကျွန်တော့်ပါးကို ထချလိုက်စမ်း... ထချလိုက် စမ်း..."

ဗိုလ်တေမိသည် လှိုက်လှိုက်လှဲလှဲ အူထဲအသည်းထဲမှ ထွက် လာသော တကယ့် နောင်တသံနှင့် ပြောလိုက်သည်ကို သဘော ပေါက်သွား၍လားမသိ မနုတင်သည်... ကြည်ကြည်လင်လင်နှင့် ပင် ခေါင်းမော်လာပြီး...

"ကျေနပ်ပါတယ်ရှင်... ကျွန်မ တကယ်ပဲ ကျေနပ်တယ်... တရားမျှတမှုရှိတဲ့ လူတစ်ယောက်ရဲ့ ပါးစပ်ကသာ ဒီလို ဝန်ချ

mgyoe.com

mgyoe.com



တောင်းပန်တဲ့ စကားမျိုး ထွက်လာတတ်တာကို ကျွန်မ နားလည်ပါတယ်။ သူ့ကိုယ် နိုင်စကားပြိုင်သာ ပြောရတယ် သေသေချာချာတွေးကြည့်တော့... ရှင့်စကားတွေဟာ ကျွန်မတို့အဖို့ သင်ခန်းစာတွေချည်းပါပဲ..."

မနုတင်လည်း စကားကို အဆုံးသတ်၍ ရုတ်တရက် နောက်ဖေးသို့ ဝင်သွားသောကြောင့် ဗိုလ်တေမိရော မခင်လှဲ့ပါ အကြောင်းသား ငေးကျန်ခဲ့ကြ၏။ မခင်လှဲ့မှာလည်း မိမိနှင့် ရဲဘော်လောဥကိစ္စသာမက မနုတင်ပြောသော စကားများကိုပါ ဗိုလ်တေမိအဘယ်ကဲ့သို့ သိနေသည်ကို စဉ်းစားမရအောင် ရှိနေရှာ၏။ တစ်ဖန်ဤသို့သော မိမိနှင့် မနုတင်ပြောသော အတွင်းရေးစကားကိုပါ သိနေသေးလျှင် မိမိ၏ စာပါသော ထမင်းထုပ်သည် ဗိုလ်တေမိလက်သို့ ရောက်ပြီးမှ ရဲဘော်လောဥလက်သို့ တစ်ဆင့်ရောက်ရပုံကိုပါ သိနေလေပြီလောဟု တွေးတောစဉ်းစားနေရာမှ...

"ဒီမှာ... အစ်ကိုကြီး... ရဲဘော်လောဥနဲ့ ကျွန်မတို့အကြောင်းတွေ အစ်ကိုကြီး ဘယ်လိုသိသလဲ... ဟင်..."

မခင်လှဲ့သည် မရဲတရဲနှင့်ပင် အားခဲဖွဲ့တင်း မေးလိုက်သဖြင့်... ဗိုလ်တေမိလည်း အတန်ကြာ စဉ်းစားနေပြီးမှ...

mgyoe.com

mgyoe.com



"ရဲဘော်လောဥလာတဲ့ အချိန်ကစပြီး ပြန်သွားတဲ့နောက် တစ်နာရီလောက်အထိ အစ်ကိုကြီး ဟိုဘက်ဂန်းမှာ ရှိတယ်..."

"ဒါဖြင့်... ကျွန်မတို့... ပြောတာရော ရဲဘော်လောဥ ဘယ်လို စာရပုံ ပြောပြတာတွေရော အစ်ကိုကြီး အကုန်ကြားမှာပေါ့..."

"မင်းဒါတွေ ဘာဖြစ်လို့ မေးနေရသလဲ..."

မခင်လှဲသည် ဘာမျှ ထပ်မပြောတော့ပဲ ဝမ်းနည်းကြည်ညို ချစ်ရည်စိုနေသော မျက်လုံးများဖြင့် ဗိုလ်တေမိအား ငေးစိုက် ကြည့်နေ၏။ သဘောထားကြီး၍ တရားမျှတသော ကိုယ်ကျင့်တရား ပြည့်ဝသည့် ဗိုလ်တေမိအား မခင်လှဲသည် ချစ်၏၊ ခင်၏၊ ကြည်ညို၏။ နောက်ဆုံး မှီခိုလိုသောကြောင့်ပင် ထမင်းထုပ်တွင် စာထည့်၍ သေချာပေါက် (ဖူးစာရှင်) ရွေးခဲ့၏။ သို့သော် ထင်သလိုမဖြစ် ဖြစ်သလို ခင်ရမည့် ရဲဘော်လောဥလက်ထဲသို့ ထိုစာသည် ရောက်သွားခဲ့၏။ မည်သို့ဖြစ်စေ မိမိကြည်ညိုသူတစ်ယောက်အား မမှီခိုရသည့်တိုင်... မိမိ၏ သဘောထားကလေးကို ပြောလိုက် သိစေလိုက်ရလျှင် ကျေနပ်မည်။ ဤအတိုင်းပင် မခင်လှဲ ဆုံးဖြတ်လိုက်၏။

"ဒီမှာ... အစ်ကိုကြီး ကျွန်မကို အစ်ကိုကြီး ထင်ချင်သလို

mgyoe.com